# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဗြာဟ္မဏ**

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတကာ "ရောင်စုံကမ္ဘာ"လူငယ်များ ဖိတ်ခေါ်ပန်းချီပြိုင်ပွဲ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ ဆုများရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ 2024 Colourful World အမည်ဖြင့် ကျင်းပသည့် "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဆုများ ရရှိခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၃ ကော်လံ ၄* ❐



နိုင်ငံတကာ "ရောင်စုံကမ္ဘာ"လူငယ်များ ဖိတ်ခေါ်ပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပထမဆုပန်းချီကား(အသက် ၁၁ နှစ် မောင်သစ်ထူးဉာဏ်လက်ရာ)။



## မြန်မာ- ဗီယက်နမ် ကုန်စည်ပြပွဲ (၂၀၂၄) ဖွင့်ပွဲ ကျင်းပ ပြခန်းပေါင်း ၁၂၀ ဖြင့် ကုန်ပစ္စည်းအမှတ်တံဆိပ်ပေါင်း ၉၇ ခုပြသ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်း အတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ ပြပွဲခန်းမ၌ မြန်မာ-ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၄ ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်ကွန်ဗင်းရှင်း စင်တာပြပွဲခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဗီယက်နမ်သံရုံးမှ စီးပွားရေးသံမှူးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟို အလုပ်အမှုဆောင်များ၊ ပြပွဲဖြစ်မြောက်ရေး ပါဝင်ကူညီပံ့ပိုးပေးကြသော မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံ ပဲ၊ ပြောင်း၊ နှမ်း ကုန်သည်အသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများ *စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ် စ ရာ**

## ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ နဝမ နေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်း အတွဲပေါင်း ၆၉၄ တွဲ ရောင်းချနိုင်ခဲ့

ပြည်တွင်းသတင်း | စာ ၅



## အရှေ့အလယ်ပိုင်းတွင် လူသားချင်းစာနာမှုအခြေအနေတိုးတက်ရေး ပူးပေါင်းလုပ်ဆောင်ကြရန် ဂျီ - ၇ နိုင်ငံခြားရေးဝန်ကြီးများ သဘောတူ

နိုင်ငံတကာသတင်း | စာ ၁၃



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ ဥပဒေဆိုင်ရာ ဟောပြောပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၆**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာအရ ဆောင်ရွက်ရေးအစီအစဉ် (၂၀၂၄-၂၀၂၅) အားအကောင်အထည်ဖော်သည့်အနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်သူများ၏ ဥပဒေဆိုင်ရာ ဟောပြောပွဲကို ယနေ့တွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌဦးစစ်အေး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမျိုးတင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာခင်မောင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်မျိုးမင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာအမှုများ တရားစွဲနှင့် အမှုလိုက်ဌာန၏ ဌာနအကြီးအကဲ Mr. BAZHUTOV Sergey ဦးဆောင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ဘာသာရပ်အလိုက် ဟောပြောသွားမည်**

အဆိုပါဟောပြောပွဲတွင်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကျွမ်းကျင် ကိုယ်စားလှယ် သုံးဦးက ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ပြစ်မှုကျူးလွန်ခြင်းအပေါ် ခြေရာခံထောက်လှမ်းခြင်းအပါအဝင် နည်းပညာအသုံးပြု၍ ဂိုဏ်းဖွဲ့ကျူးလွန်သော မှုခင်းများကို တိုက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့်စိန်ခေါ်မှုများနှင့် ကာကွယ်တားဆီးခြင်း နည်းလမ်းများ၊ တရားမဝင်ဆောင်ရွက်မှုများအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းဆိုင်ရာ သိကောင်းစရာများကို ဘာသာရပ်အလိုက် ဟောပြောသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးမှ ကျွမ်းကျင် ကိုယ်စားလှယ် သုံးဦးတို့က "ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ပြစ်မှုကျူးလွန်ခြင်းအပေါ် ခြေရာခံထောက်လှမ်းခြင်း အပါအဝင် နည်းပညာအသုံးပြု၍ ဂိုဏ်းဖွဲ့ကျူးလွန်သောမှုခင်းများကို တိုက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ကာကွယ်တားဆီးခြင်း နည်းလမ်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ တရားမဝင်ဆောင်ရွက်မှုများအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကာကွယ်တားဆီးရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဆိုင်ရာ သိကောင်းစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဟောပြောပွဲအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာအမှုများ တရားစွဲနှင့် အမှုလိုက်ဌာန၏ ဌာနအကြီးအကဲ Mr. BAZHUTOV Sergey က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ပေးအပ်သော Certificate ကို သင်တန်းသား သင်တန်းသူများကို ပေးအပ်ပြီး ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်းရှိ သရုပ်ပြတရားခွင်နှင့် E-Library များကို လှည့်လည်ကြည့်ရှုကြသည်။

**နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး**

ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား "တရားရုံးများ၌ ရာဇဝတ်မှုနှင့် တရားမမှုများကို လိုက်ပါဆောင်ရွက်ရာတွင် အစိုးရရှေ့နေများ၏ ပါဝင်ဆောင်ရွက်မှုများနှင့် အစိုးရရှေ့နေများက အီလက်ထရောနစ် သက်သေခံချက်များအား တင်သွင်းဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပကြကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*

အသင်းနှင့် အခြားအသင်းအဖွဲ့များ၊ sponsor အဖြစ် ကူညီပံ့ပိုးသော မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI)၊ UABဘဏ်၊ Mytel၊ အောင်ဘာလေနှင့် မြန်မာနိုင်ငံခရီးသွားဘဏ်တို့မှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြပွဲတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၁၂၀ ဖြင့် ကုန်ပစ္စည်း အမှတ်တံဆိပ်ပေါင်း ၉၇ ခုကို ပြသခဲ့ကြောင်း သိရပြီး လူသုံးကုန်၊ စားသောက်ကုန်၊ စက်မှုနှင့် အိမ်သုံးမီးအားမြှင့်စက်များ၊ ကြွေထည်နှင့် မီးဖိုချောင်သုံးပစ္စည်း အမျိုးမျိုး၊ ဖိနပ်၊ အိုင်တီနည်းပညာနှင့် လယ်ယာထွက် ကုန်ပစ္စည်းအပြင် ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ လက်မှုအနုပညာပစ္စည်းများ၊ မြန်မာအမျိုးသမီးများ စီးပွားရေးကွန်ရက်မှ MSME လုပ်ငန်းများမှ ထုတ်ကုန်အမယ်သစ်များ ပါဝင်ပြသကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

❒ *ရှေ့ဖုံးမှ*

အဆိုပါ ပြိုင်ပွဲ၏ အသက် (၇ နှစ်မှ ၁၂ နှစ်အထိ) အုပ်စုတွင် G4 ကျောင်းသား မောင်သစ်ထူးညာဏ်က (ပထမ) ဆု၊ အသက် (၁၃ နှစ်မှ ၁၈ နှစ်အထိ) အုပ်စုတွင် G9 ကျောင်းသား မောင်ဖုန်းမြတ်စံက (ဒုတိယ)ဆုနှင့် G9 ကျောင်းသား မောင်မင်းစစ်ပိုင်၊ G8 ကျောင်းသား မောင်ပြည့်ဖြိုးဟိန်းနှင့် ပန်းချီပညာသင်ကျောင်းမှ မဇူးဇူးလှိုင်တို့ က (တတိယ) ဆုတို့ကို ရရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" ကို နိုဝင်ဘာ ၂၃ ရက်က ပေကျင်းပြည်သူ့ နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးအသင်း (BPAFFC) နှင့် Beijing Association for Science and Technology, Overseas Chinese Affairs Office of Beijing Municipal Government, Beijing Women's Federation တို့ ပူးပေါင်းစီစဉ် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နိုင်ငံပေါင်း ၆၄ နိုင်ငံမှ ကျောင်းသား ကျောင်းသူ ၅၂၀၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို အသက် (၄ နှစ်မှ ၆ နှစ် အထိ) အုပ်စု၊ အသက် (၇နှစ်မှ ၁၂ နှစ် အထိ) အုပ်စုနှင့် အသက် (၁၃ နှစ်မှ ၁၈ နှစ်အထိ) အုပ်စုဟူ၍ အုပ်စု (၃)စု ခွဲခြားယှဉ်ပြိုင်စေခဲ့ကြကာ မြန်မာနိုင်ငံမှ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၏ ကြီးကြပ်မှုဖြင့် အထက်ပါ အုပ်စု(၂)စုတွင် ယှဉ်ပြိုင်ရေးဆွဲ ပေးပို့၍ ပြိုင်ပွဲဝင်ခဲ့ကြရာ ထူးချွန်ဆုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယခုပညာသင်နှစ်မှ စတင်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပထမနှစ် ကျောင်းသား ကျောင်းသူများထဲမှ တက္ကသိုလ် လူရည်ချွန်များ ရွေးချယ်မွေးထုတ်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တွေ့ဆုံပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာ အရည်အသွေးများ တိုးတက်ကောင်းမွန်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။(ယာပုံ)

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုပညာသင်နှစ်မှ စတင်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပထမနှစ် ကျောင်းသား ကျောင်းသူများထဲမှ တက္ကသိုလ် လူရည်ချွန်များ ရွေးချယ်မွေးထုတ်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၏ အသက်သည် သုတေသနဖြစ်ကြောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုတို့သည် အလွန်အရေးကြီးကြောင်း၊ ကျောင်းသားကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်းစားတွေးခေါ်နိုင်မှုနှင့် တီထွင်ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားပြီး စိတ်ဓာတ်နှင့်ခံယူချက် မှန်ကန်ကောင်းမွန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာ ဆရာမများ၊ ဝန်ထမ်းများအားလုံးအနေဖြင့် အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်များ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ ပညာရေး အဆင့်အတန်း မြင့်မားရေး၊ သင်ရိုးညွှန်းတမ်း ခေတ်မီရေး၊ သင်ကြားသင်ယူမှု မှန်ကန်ရေး၊ သုတေသနဖြင့် နိုင်ငံကို အကျိုးပြုရေး၊ အကဲဖြတ်စနစ် သုံးသပ်ရေးကိစ္စရပ်များကို ဆွေးနွေးပြီး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ကျန်းမာရေးဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ကျန်းမာရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း တက်ရောက် အမှာစကား ပြောကြားသည်။(ယာပုံ)



ဦးစွာ ဒုတိယဝန်ကြီးက ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေးအတွက် လုပ်ငန်းအဖွဲ့အလိုက် အလေးထား ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ အရေးပေါ်ကိစ္စရပ်များအတွက် ဆက်သွယ်ရေး လမ်းကြောင်းများ သေချာစွာ ဆောင်ရွက်ရန်၊ လူနာများ လွှဲပြောင်း ဆောင်ရွက်နိုင်ရေး လူနာတင်ယာဉ်များ လုံလောက်အောင် စီစဉ်ဆောင်ရွက်ထားရန်၊ ဆေးရုံများ၌ လူနာများ လက်ခံကုသနိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်ထားရန်ဖြစ်ကြောင်း၊ အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေးအတွက် ချက်ပြုတ်ကျွေးမွေးမည့် အစားအသောက်များကို ပုံမှန်စစ်ဆေးနေကျ ဆောင်ရွက်မှုများသာမက ပြင်ပ အစားအသောက်များ ယူဆောင် စားသောက်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်စေရေး သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ကာ ကြိုတင်ဆောင်ရွက်ရန်၊ ကျန်းမာရေး အသိပညာပေးရန်၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပြည့်စုံစွာဆောင်ရွက်ရန်နှင့် ဖြစ်ပွားမှုရှိပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အတွက် ပြင်ဆင်ထားရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေး ဆပ်ကော်မတီ အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြီးကြပ်မှု လုပ်ငန်းအဖွဲ့နှင့် ကူးစက်ရောဂါ နှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအဖွဲ့၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

**ကျိုက်လတ် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအခြေပြု ဆုံဆို့ - မေးခိုင် ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ထိုးနှံပေးခဲ့သည်။

ကျိုက်လတ်မြို့နယ်အတွင်း KG တန်းတွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် အသက်သတ်မှတ်ပိုင်းခြားထားသည့် မိန်းကလေးငယ်များကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)ကို ထိုးနှံပေးခဲ့သည်။ အဆိုပါ ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေး နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးအောင်မိုး၊ မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာ မျိုးမျိုးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





## ကော့မှူးမြို့နယ်၌ တောင်သူများအား ဆောင်းသီးနှံနေကြာမျိုးစေ့များ ပေးအပ်

**ကော့မှူး နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသော တောင်သူများအား ဆောင်းသီးနှံနေကြာမျိုးစေ့များနှင့် ပိုက်ဆံလျှော်ပေးအပ်ပွဲကို ယနေ့နံနက်က မကျီးကန်ကျေးရွာ တောင်သူ ဒေါ်သန်းသန်းဦး၏ လယ်မြေ၌ ကျင်းပသည်။(ဝဲပုံ)

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်က တောင်သူများအား နေကြာမျိုးစေ့နှင့် ပိုက်ဆံလျှော် မျိုးစေ့ထောက်ပံ့ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စိုက်ပျိုးရန်နည်းလမ်းကောင်းများ၊ မျိုးရွေးချယ်ပုံများကို ရှင်းလင်းပြောကြားပြီး တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းထွန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ဒေသခံ တောင်သူများထံ မျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ တောင်သူ ဒေါ်သန်းသန်းဦးပိုင်သော လယ်မြေ၌ မိုးစပါးစံပြကွက်အား ရိတ်သိမ်းခဲ့ပြီး တောင်သူများအား စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးနှင့်ပတ်သက်သော အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၆၉၄ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၃၃၁၀) မှ (၄၀၅၉) အထိ အတွဲပေါင်း (၇၅၀) အတွက် ပြည်တွင်းရတနာကုန်သည်များက ပြပွဲအဋ္ဌမနေ့တွင် ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းခဲ့ကြပြီး ပြပွဲနဝမနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်း အတွဲပေါင်း ၆၉၄ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၄၀၆၀) မှ (၄၈၀၀) အထိ ကျောက်စိမ်း အတွဲပေါင်း ၇၄၁ တွဲကို ပြည်တွင်းရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု





ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကို ကြည့်ရှုအားပေးစဉ်။

(စီ)မှ ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ် (၄၀၆၀) မှ(၄၈၀၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၇ ရက်တွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ၊ အုပ်စု(အေနှင့်ဘီ)မှ ကျောက်စိမ်းအတွဲ ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည့်အပြင် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည့် အုပ်စု(စီ)မှ ကျောက်စိမ်း အတွဲပေါင်း ၁၄၂၉ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ဒေးဒရဲ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၁) အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပသည်။(ယာပုံ)



ဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်း၊ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး မွန်မြတ်သူစိုးတို့က ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် အဖွဲ့သည် ကရဝိက်ခန်းမ၌ ကျောင်းသား ကျောင်းသူများ၏ "ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "နိုင်ငံတော်အကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်" ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပခြင်းသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်မှ အလေ့အထဖြစ်ပေါ်လာစေရန်နှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားလာစေရန် စသည့် ရည်ရွယ်ချက်များနှင့် ပွဲတော်ကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် ကာယ၊ ဉာဏပြိုင်ပွဲများ၊ ကျောင်းသား ကျောင်းသူများ၏ စာပေဖတ်ရှုလေ့လာနေမှုများ၊ ဌာနဆိုင်ရာပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး ဘင်ခရာ၊ ပန်းဖွား၊ ကရင်ဒုံးယိမ်းနှင့် ဝါးညှပ်အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သိဒ္ဓိအောင်**

## မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာဘေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို ပြသပေးကာ အဆိုပါ ရုံးဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။(အောက်ပုံ)

**ခရိုင်(ပြန်/ဆက်)**





## ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**လပွတ္တာ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ် (၅)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းအခြေပြု ဆုံဆို့ – မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းမှစတင် ထိုးနှံခဲ့သည်။

လပွတ္တာမြို့နယ်အတွင်း KG တန်းတွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများအား ဆုံဆို့–မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသားကျောင်းသူများကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) တို့ကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးခဲ့သည်။ (ဝဲပုံ)

အဆိုပါ ဆုံဆို့ – မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့်သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မူမူ**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများလေ့ကျင့်နေမှု ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၂၆

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။** (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေး မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်း အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ အမျိုးသားဘော်လီဘော အသင်း အားကစားသမားများနှင့် အမျိုးသား/ အမျိုးသမီး ပြေးခုန်ပစ်အသင်း အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေး ကြသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီး က အားကစားသမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်၍ အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစား စိတ်ဓာတ်ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစား သမားများဖြစ်အောင် အလေးထားကြိုးစားလေ့ကျင့် သွားရန်မှာကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမား စုစုပေါင်း ၉၀ သည် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် အမျိုးသားဘောလုံး၊ အမျိုးသား ဘော်လီဘော၊ အမျိုးသားပိုက်ကျော်ခြင်း၊ အမျိုးသား/ အမျိုးသမီးပြေးခုန်ပစ်နှင့် အမျိုးသားဂေါက်သီးရိုက် စသည့်အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးလူမွန် ၂၀၂၄ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ ဆက်စပ်အစည်းအဝေးများနှင့် China-ASEAN Information Harbor Forum တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ကျင်းပြည်နယ် ဝူကျန်းမြို့၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အင်တာနက် ညီလာခံ ဆက်စပ်အစည်းအဝေး” နှင့် China–ASEAN Information Harbor Forum သို့ တက်ရောက် ခဲ့သည်။




အဆိုပါညီလာခံကို ၂၀၁၄ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး "Embracing a People–Centered and AI–for–Good Digital Future – Building a Community with a Shared Future in Cyberspace " ဆိုသည့် ဦးတည်ချက်ဖြင့် ရည်ရွယ်ကျင်းပ ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး နိုင်ငံ တကာမှ ဒစ်ဂျစ်တယ်နည်းပညာ နယ်ပယ်တွင် အောင်မြင် ကျော်ကြားသည့် ကျွမ်းကျင်သူ များ၊ လုပ်ငန်းရှင်များ တက်ရောက် ခဲ့ကြသည်။

နိုဝင်ဘာ၂၀ ရက်တွင် ကမ္ဘာ့ အင်တာနက်ညီလာခံ ဖွင့်ပွဲအခမ်း အနားကျင်းပရာ ဖွင့်ပွဲသို့ တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် သမ္မတ မစ္စတာ Xi Jinping က ဗီဒီယိုMessage ပေးပို့အမှာစကား ပြောကြားပြီး တရုတ်ကွန်မြူနစ် ပါတီ၊ နိုင်ငံရေးဗျူရိုဗဟိုကော်မတီ အဖွဲ့ဝင် မစ္စတာ Ding Xuexiang၊ ဟွန်ဒူရက်စ်နိုင်ငံ ဒုတိယသမ္မတ မစ္စတာ Renato Florentino Pineda ၊ ဇမ်ဘီယာနိုင်ငံ ဒုတိယသမ္မတ မစ္စတာ Mutale Nalumango ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ Le Thanh Long၊ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့မိုဘိုင်း အဖွဲ့အစည်းနှင့် ကမ္ဘာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အဖွဲ့အစည်းတို့မှ တာဝန်ရှိသူ များက အဖွင့်စကားများ ပြောကြားခဲ့သည်။

ညပိုင်းတွင် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ တကာမှ ဝန်ကြီးများ စားပွဲဝိုင်း ဆွေးနွေးပွဲကိုကျင်းပရာ ဒုတိယ ဝန်ကြီး ဦးလူမွန် တက်ရောက် ခဲ့သည်။

နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်း တွင် ဒုတိယဝန်ကြီးသည် “China–ASEAN Information Harbor Forum” သို့ တက်ရောက်အမှာ စကားပြောကြားပြီး **(အပေါ်ဝဲပုံ)** တက်ရောက် လာကြသူများက ဆွေးနွေးပွဲတွင် “Co–Building the Digital Silk Road, Sharing a Digital Future” ခေါင်းစဉ်ဖြင့် တရုတ် – အာဆီယံ ကုန်စည် ကူးသန်း ရောင်းဝယ်မှုတို့ကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရှိန် အဟုန်မြှင့်တင်ဆောင်ရွက်သွား ကြရေး ဒေသတွင်းနည်းပညာ ကွာဟမှု လျှော့ချရေးအပါအဝင် အဆင်သင့်ဖြစ်မှု၊ အားသာချက်နှင့် စိန်ခေါ်မှုတို့ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာ့အင်တာနက် ညီလာခံတွင် ပူးတွဲကျင်းပပြသသည့် The Light Internet Expo ပြခန်းများကို လေ့လာခဲ့ပြီး ကမ္ဘာ့လူငယ် ခေါင်းဆောင်ဆုပေးပွဲ၊ ကမ္ဘာ့ အင်တာနက်ကွန်ဖရန့် ဒစ်ဂျစ်တယ် အကယ်ဒမီ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖွင့်ပွဲများနှင့် အခြား ဆက်စပ် ဆွေးနွေးပွဲဖြစ်သည့် “Construction of Trustworthy of Artificial Intelligence” ကို လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖျာပုံပြည်သူ့ဆေးရုံကြီး၌ သုံးမြွှာပူးမွေးဖွားသူအား ထောက်ပံ့

**ဖျာပုံ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ မြို့နယ် သံပက်ကျေးရွာမှ ကိုယ်ဝန်ဆောင်ဒေါ်သန္တာ အသက် (၄၅)နှစ်သည် ဖျာပုံပြည်သူ့ ဆေးရုံကြီး ခုတင် (၂၀၀) ၌ နိုဝင်ဘာ ၂၄ ရက် ညနေ ၄ နာရီ က သုံးမြွှာပူးမွေးဖွားခဲ့သဖြင့် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဖျာပုံပြည်သူ့ဆေးရုံကြီး သားဖွား မီးယပ်ဆောင်၌ ထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ သုံးမြွှာပူးမွေးဖွား သဖြင့် ထောက်ပံ့မှုများ ဆောင် ရွက်ရာတွင် ဖျာပုံခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း



နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦးနှင့်အဖွဲ့ဝင် များ၊ ဖျာပုံမြို့နယ်နှင့် ဒေးဒရဲ မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ က သုံးမြွှာပူးမွေးဖွားသည့် မိခင်နှင့်ကလေးများကို သွား ရောက်ကြည့်ရှု၍ စုပေါင်း ထောက်ပံ့ငွေကျပ် ၁၁ သိန်းကို မိခင် ဒေါ်သန္တာ၏ လက်ဝယ် အရောက် ပေးအပ်လှူဒါန်းခဲ့ ကြောင်းနှင့် ကလေးသုံးမြွှာပူးမှာ ယောကျ်ားလေးများဖြစ်ကာ မိခင် နှင့်ကလေးများပါ ကျန်းမာရေး ကောင်းမွန်လျက်ရှိပြီး ဖျာပုံ ပြည်သူ့ဆေးရုံကြီး ခုတင် (၂၀၀) ဆေးရုံ၌ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဥမ္မာမြက ခွဲစိတ်မွေးဖွားပေးခြင်း ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

# ငပုတောမြို့နယ် ငရုပ်ကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ငပုတော နိုဝင်ဘာ ၂၆**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ် ခရိုင် ငပုတောမြို့နယ် ငရုပ် ကောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ မီးခိုး မြူငွေ့လျှော့ချရေးနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာအသိပညာ ပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းရှိ ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဝင်း ထွန်းနိုင်က မီးခိုးမြူငွေ့လျှော့ချ ရေးခေါင်းစဉ်ဖြင့် ပညာပေး ဟောပြောခဲ့ပြီး တောအုပ်ကြီး ဦးခန့်ဇော်ထက်က သဘာဝဘေး အန္တရာယ် သက်သာစေရေးနှင့် သစ်တောများ၏ အခန်းကဏ္ဍ ခေါင်းစဉ်တို့ဖြင့် ဟောပြောပို့ချ သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းကလျာနှင့် ဆရာ ဆရာမ ၁၀ ဦး၊ သစ်တော ဦးစီးဌာနမှ ဦးစီးအရာရှိပါ သစ်တောဝန်ထမ်း ရှစ်ဦး၊ ရပ်မိ ရပ်ဖ နှစ်ဦး၊ ကျောင်းသူ ကျောင်းသား ၁၂၀ စုစုပေါင်း ၁၄၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း အမျိုးသားပရဆေးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၆

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ ညနေပိုင်းတွင် အမျိုးသားပရဆေးဥယျာဉ်သို့သွားရောက်၍ ပရဆေးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ဆေးဘက်ဝင်ပရဆေးပျိုးပင်များ ပြုစုထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပရဆေးဥယျာဉ်အတွင်းရှိ လျှို့ပိတ်ဆည်ရေကန် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား တာဝန်ရှိသူများက တိုင်းရင်းဆေးပညာပြတိုက်အတွင်း နယကြီးလေးပါးဆိုင်ရာ ပြသထားမှု၊ ရေထွက်၊ မြေထွက်၊ အပင်ထွက် ဆေးပစ္စည်းများထားရှိမှု၊ တိုင်းရင်းဆေးဝါးစက်ရုံထုတ် ဆေးဝါးများပြသထားရှိမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အသိပညာပေး ထုတ်ဝေထားရှိသော စာအုပ်များ၊ လက်ကမ်းစာစောင်များ စုစည်းထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နရသုခပျိုးဥယျာဉ်အတွင်း ပရဆေးပင်များ မျိုးထိန်းထားရှိမှု၊ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ အမှတ်တရစိုက်ပျိုးထားသည့် အပင်များထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားပရဆေးဥယျာဉ်အား ပြည်သူလူထုအနေဖြင့် တိုင်းရင်းဆေးပညာဆိုင်ရာ ဗဟုသုတရရှိစေပြီး အပန်းလည်းဖြေစေနိုင်သည့် ဥယျာဉ်ကြီးတစ်ခုဖြစ်စေရေး ဆောင်ရွက်သွားရန်၊ အမျိုးသားပရဆေးဥယျာဉ်ကို Master plan ရေးဆွဲထိန်းသိမ်းထားရှိရန်၊ ပရဆေးစိုက်ခင်းပြကွက်များကို အကွက်ချ စိုက်ပျိုးသွားရန်၊ မြေ၊ ရေ၊ ရာသီဥတုနှင့် ကိုက်ညီမှုမရှိသည့်၊ စိုက်ပျိုးရန်ခက်ခဲသည့် ဆေးဘက်ဝင်အပင်များအား Green house စနစ်ဖြင့်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နီးနွယ်ဝန်ကြီးဌာနများမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံပေးအပ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံပေးအပ်ပွဲနှင့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက်ရရှိခဲ့သည့် တံခွန်စိုက်ဆုဖလားများအပ်နှံခြင်း၊ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် အားကစား တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းနှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး အားကစားအဖွဲ့များက ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်၍ လေ့ကျင့်ပြင်ဆင်ထားရှိမှု မှတ်တမ်းတို့ကိုပြသပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အမျိုးသားတံခွန်စိုက်၊ အမျိုးသမီး တံခွန်စိုက်နှင့် စုပေါင်းတံခွန်စိုက်ဆု ရရှိခဲ့ကြသည့် တိုက်ကွမ်ဒို၊ ရေကူး၊ ဖူဆယ်နှင့် ဂျူဒိုအားကစားအဖွဲ့များက ဆုဖလားများ အပ်နှံကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး(**အောက်ဝဲပုံ**) ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှုနှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစား ပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ဆုရရှိခဲ့သည့် အားကစားအဖွဲ့များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အားကစားအဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံပေးအပ်သည်။ ယခုကျင်းပပြုလုပ်မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအနေဖြင့် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအပါအဝင် စုစုပေါင်း ၆၂၀ ဖြင့် အားကစားနည်း ၂၄ မျိုးကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် သွားရောက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

## တောင်ကြီးနှင့် အင်းလေးဒေသခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိမ်းမောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တောင်ကြီးမြို့၏ အထင်ကရခရီးသွားဆွဲဆောင်ရာ နေရာဖြစ်သည့် ရွှေဘုန်းပွင့်ဘုရားနှင့် မွေတော်ကက္ကူဘုရားသို့ သွားရောက်ဖူးမြော်၍ ဘုရားဖူးခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မှုကို ကြည့်ရှုပြီး အလှူငွေများ ပေးအပ်သည်။





မွန်းလွဲပိုင်းတွင် Villa Inle Boutique Resort သို့ သွားရောက်၍ ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့သည် ညောင်ရွှေခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များအား ညောင်ရွှေမြို့ရှိ Aureum Palace Hotel ၌ တွေ့ဆုံ၍ ညောင်ရွှေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရာတွင် လုပ်ငန်းများအဆင်ပြေစေရေးနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ဆောင်ရွက်ရေး၊ ဒေသထွက်အစားအစာနှင့် ရိုးရာလက်မှုပစ္စည်းများ၊ အမှတ်တရလက်ဆောင်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးရာဝန်ကြီး က ညောင်ရွှေနှင့်အင်းလေးဒေသ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးပြီး တက်ရောက်လာသည့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဟိုတယ်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မကြီးစမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ယနေ့ နေ့လည်ပိုင်းက ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲအောင်က တောင်ယာမီးရှို့ခြင်းနှင့် တောမီးလောင်ခြင်းတို့ကြောင့် မီးခိုးမြူငွေ့များ ဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးကျော်စံဟိန်းနှင့် ဦးချစ်ဇေတို့က သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြရာ



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။





တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြစဉ်။



သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁) ကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြား သိရပါသည် -





အရပ်သားဘဝကနေ စစ်သားဘဝကို ကူးပြောင်းရခြင်းကြောင့် အခက်အခဲတော့ အများကြီးရှိပါတယ်။ ဒါပေမယ့် ကျွန်တော် ကြိုးစားပြီး သင်ယူသွားမှာပါ။ စစ်ပညာသင်ဖို့အတွက် လည်း အဆင်သင့်ဖြစ်နေပါပြီ။ လူငယ်ဖြစ်တဲ့အတွက် အတွေ့အကြုံ အသစ်၊ ဗဟုသုတအသစ် လိုချင်တဲ့အတွက် ဒီသင်တန်းကို လာရောက် တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကာကွယ်ရတာ ဂုဏ်ယူရတဲ့ ကိစ္စတစ်ရပ်ပါ။ ကျွန်တော်ကအကြမ်းဖက်မှုတွေကို မလိုလားပါဘူး။ ဒါကြောင့် အကြမ်းဖက်မှုတွေကို တိုက်ဖျက်ဖို့အတွက် ဒီသင်တန်းကို ကြိုးစားသင်ယူသွားမှာပါ။

အရင်ပတ်စဉ်တွေ ကတည်းက တက်ချင်နေတာပါ။ ဒါပေမယ့် အခုဒီအပတ်စဉ်ကျမှ ကျွန်တော် တက်ခွင့်ရပါတယ်။ တက်ခွင့်ရတော့လည်း အဆင်ပြေပြေပါပဲ။ အဲဒီအတွက်ကို နောက်တက်မယ့် ညီအစ်ကိုတွေအနေနဲ့လည်း ဘာမှအလွန်ကြီး စိတ်ပူမနေပါနဲ့ ကောလာဟလတွေကိုလည်း စိတ်ထဲမှာထားပြီးတော့မှ ယုံနေမယ်ဆိုရင် အဆင်မပြေနိုင်ပါဘူး။ ကျွန်တော်တို့က နိုင်ငံသားကောင်းတစ်ယောက်အနေနဲ့ လုပ်ရမယ့်အရာကို လုပ်ကိုလုပ်ရမှာပါ။ မြန်မာနိုင်ငံတော် အတွက် အထောက်အကူဖြစ်စေမယ့် နိုင်ငံ့သားကောင်း တစ်ယောက်အဖြစ်နဲ့ ကျွန်တော် အကောင်းဆုံးထမ်းဆောင်သွားမှာပါလို့ ကျွန်တော် စဉ်းစားထားပါတယ်။

ကျွန်တော် မြန်မာနိုင်ငံသား တစ်ယောက်ပါ။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီနိုင်ငံတော်အပေါ်ကို တာဝန်ကျေပွန်ချင်လို့ ဒီပြည်သူ့စစ်မှုထမ်းကို လာရောက်တက်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။

**သတင်းစဉ်**









ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲများကို သင်တန်းကျောင်းအလိုက် ကျင်းပကြစဉ်။

# အမျိုးသားအားကစားပွဲတော်ကနေတစ်ဆင့် မျိုးဆက်သစ်လူငယ်တွေအတွက် အခွင့်လမ်းကောင်းတွေရရှိပြီး နိုင်ငံ့အတွက် အားကိုးအားထားပြုရမယ့် မျိုးဆက်သစ်လူငယ် အားကစားသမားတွေလည်း ပေါ်ထွက်လာမယ်လို့ ယုံကြည်မိပါတယ်

**ဒေါ်နှင်းမမဦး (အုပ်ချုပ်သူ)**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ရည်ရွယ်၍ ဝန်ကြီးဌာနအဆင့်တွင် အားကစားနည်း ခြောက်မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုးတို့ဖြင့် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှ အဖွဲ့ခေါင်းဆောင်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့်အားကစားသမားများသည် နိုဝင်ဘာ ၂၅ ရက်မှစတင်၍ နေပြည်တော်သို့ ရောက်ရှိနေကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လေ့ကျင့်ရေး အားကစားကွင်းများ၊ အားကစားခန်းမများနှင့် အခြေခံပညာကျောင်းများ၌ တက်ကြွလှုပ်ရှားသည့် အားမာန်များ၊ မလျှော့သောဇွဲလုံ့လ၊ စွဲမြဲသောဝီရိယတို့ဖြင့် လေ့ကျင့်ကြိုးပမ်းလျက်ရှိကြပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့်အပေါ် ၎င်းတို့၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။



ဒေါ်နှင်းမမဦး



မောင်အာကာမိုးမြင့်



ဦးမြင့်သိန်း



ဦးဝဏ္ဏထွန်း



မောင်ဂျိုဆာဆီ



မောင်သန့်ဇင်လင်း

**ဒေါ်နှင်းမမဦး (အုပ်ချုပ်သူ၊ ခရစ်ကက် အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်)**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကိုယ်စားပြု ခရစ်ကက်အသင်းအနေနဲ့ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၃၉ ဦး ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အမျိုးသား အားကစား ပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် အားကစားသမားတွေကတော့ အရင်နှစ်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစား ပြိုင်ပွဲတွေမှာ ငွေတံဆိပ်ဆု ရရှိထားသူတွေ၊ ခရိုင်၊ မြို့နယ်နဲ့ ကျောင်းပေါင်းစုံပြိုင်ပွဲတွေကနေ ရွေးချယ်ထားတဲ့သူတွေ ဖြစ်ပါတယ်။ အားကစားသမားတွေကို ၁၀ လပိုင်းကတည်းက စနစ်တကျကြိုတင် စခန်းသွင်း လေ့ကျင့်သင်ကြားထားတဲ့အတွက် အခုကျင်းပမယ့်ပွဲတော်ရဲ့ ပြိုင်ပွဲမှာ အမျိုးသားအသင်းကို ရွှေတံဆိပ်ရရှိဖို့ မျှော်မှန်းထားပြီး အမျိုးသမီးအသင်းကိုတော့ ငွေတံဆိပ်ရရှိဖို့ မျှော်မှန်းထားပါတယ်။ အမျိုးသားအားကစားပွဲတော်ကနေတစ်ဆင့် မျိုးဆက်သစ်လူငယ်တွေအတွက် အခွင့်လမ်းကောင်းတွေရရှိပြီး နိုင်ငံ့အတွက် အားကိုးအားထားပြုရမယ့် မျိုးဆက်သစ်လူငယ် အားကစားသမားတွေလည်း ပေါ်ထွက်လာမယ်လို့ ယုံကြည်မိပါတယ်။ အခုလိုပွဲတော်ကြီး ကျင်းပပေးတဲ့အတွက် နိုင်ငံတော်က တာဝန်ရှိသူအားလုံးကိုအားကစားသမားတွေကိုယ်စား အထူးကျေးဇူးတင်ပါတယ်။

**မောင်အာကာမိုးမြင့် (ဗိုဗီနမ်အားကစားသမား၊ နေပြည်တော်)**

ကျွန်တော် ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားအမျိုးအစားကတော့ ဗိုဗီနမ် တိုက်ခိုက်ရေးပညာ စွမ်းရည်ပြပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ နေပြည်တော်ကိုယ်စားပြု ဗိုဗီနမ် အားကစားအဖွဲ့မှာ အားကစားသမား စုစုပေါင်း ၁၂ ဦးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ စခန်းသွင်းလေ့ကျင့်ခဲ့တာ ၂ လကျော်ရှိပါပြီ။ စတင်စခန်းသွင်းလေ့ကျင့်တဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် အားရကျေနပ်မှုမရှိသေးပါဘူး။ လေ့ကျင့်ချိန်ကြာမြင့်လာတဲ့အခါမှာတော့ ဆရာတွေရဲ့ စနစ်တကျသင်ပြမှုတွေ၊ ပံ့ပိုးမှုတွေ၊ အားပေးမှုတွေကြောင့် အခုဆိုရင် ယုံကြည်မှုအပြည့်ရှိလာပြီး ဝင်ရောက်ယှဉ်ပြိုင်ဖို့အထိ အဆင်သင့်ဖြစ်နေပါပြီ။ ပြိုင်ပွဲမှာ ဆုတံဆိပ်တွေ ရရှိဖို့အတွက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အခုပွဲတော်ကြီးမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ပြိုင်ပွဲတွေ စတင်ကျင်းပတဲ့အချိန်မှာ မိဘပြည်သူတွေအနေနဲ့ လာရောက်ကြည့်ရှုအားပေးကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

**ဦးဝဏ္ဏထွန်း (ဂျူဒိုအသင်းနည်းပြချုပ်၊ ကချင်ပြည်နယ်)**

ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် ဂျူဒိုအားကစားပြိုင်ပွဲမှာ ကချင်ပြည်နယ် ကိုယ်စားပြုအနေနဲ့ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၂၂ ဦးနဲ့ ဝိတ်တန်းအားလုံးကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် အစိုးရအဖွဲ့နဲ့ ပြည်နယ်မှူးတွေရဲ့ ထောက်ပံ့မှုကောင်းတွေနဲ့အတူ အောက်တိုဘာလကနေစ၍ စတင်စခန်းသွင်းလေ့ကျင့်သင်ကြားခဲ့ပြီး ကစားသမားတွေရဲ့ ကြိုးစားမှုတွေကို မျက်မြင်ကိုယ်တွေ့ဖြစ်တဲ့အတွက် အခုပြိုင်ပွဲမှာ ရွှေကို ရှစ်ခုကနေ ၁၂ ခုအထိ ရရှိမယ်လို့ ယုံကြည်ထားပါတယ်။ အခုလိုပွဲတော်တွေကို စဉ်ဆက်မပြတ် ကျင်းပပေးမယ်ဆိုရင် အားကစားသမားကောင်းတွေ ပေါ်ထွက်လာမှာဖြစ်တဲ့အပြင် အားကစားသမားဟောင်းတွေကလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးခြင်းမရှိတဲ့ ဒီလိုပွဲတော်ကြီးမှာ သူတို့ရဲ့ အားကစားသမားတွေကို စနစ်တကျ လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင်ကျောင်းတွေမှာ ဂျူဒိုအားကစားနည်းကို စနစ်တကျ နှစ်အလိုက်၊ သက်တမ်းအလိုက် ဖွင့်လှစ်သင်ကြားပေးမယ်ဆိုရင် မျိုးဆက်သစ် ဂျူဒိုအားကစားသမားတွေပေါ်ထွက်လာပြီး နိုင်ငံအတွက် ပိုမိုဂုဏ်ဆောင်နိုင်မယ်လို့ မြင်မိပါတယ်။

**မောင်ဂျိုဆာဆီ (ပြေးခုန်ပစ်အားကစားသမား၊ ကချင်ပြည်နယ်)**

ကျွန်တော်က ကချင်ပြည်နယ်ပြေးခုန်ပစ်အကယ်ဒမီကနေ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာ မီတာ ၅၀၀၀ နဲ့ ၁၀၀၀၀ ပြေးခုန်ပစ် အားကစားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ကချင်ပြည်နယ် ကိုယ်စားပြုအနေနဲ့ အားကစားသမားအယောက် ၂၀ ပါဝင်ပါတယ်။ အားကစားသမားတွေကို ဩဂုတ်လကနေစပြီး နည်းပြတွေရဲ့ စနစ်တကျသင်ကြားပေးမှုနဲ့အတူစတင်ပြီး စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ စခန်းသွင်းလေ့ကျင့်တဲ့ကာလမှာလည်း ကစားသမားတွေ လိုအပ်မှုမရှိအောင် ဘက်ပေါင်းစုံကနေ ထောက်ပံ့ပေးတဲ့အတွက် ပြည်နယ်ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူအားလုံးကို ကစားသမားတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ ရွှေတံဆိပ်ဆုရရှိပြီး ကချင်ပြည်နယ်ရဲ့ ဂုဏ်ကိုဆောင်ချင်တဲ့အတွက် ပြိုင်ပွဲမှာ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားမှာပါ။ အခုလိုနိုင်ငံတော်အဆင့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာ အကယ်ဒမီကစားသမားတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အတွေ့အကြုံကောင်းတွေ ရမယ်လို့ ယုံကြည်မိပါတယ်။

**ဦးမြင့်သိန်း (အဖွဲ့ခေါင်းဆောင်၊ ရခိုင်ပြည်နယ်)**

ရခိုင်ပြည်နယ်အနေနဲ့ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်မှာ အားကစားနည်း ၁၇ နည်းကို အားကစားသမား စုစုပေါင်း ၃၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ပြိုင်ပွဲဝင်တွေကို ခရိုင်၊ မြို့နယ်ပြိုင်ပွဲတွေ ကျင်းပပြီး အဆင့်ဆင့်ရွေးချယ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တဲ့ အားကစားနည်းတွေအနက် အတိုက်အခိုက်နည်းတွေဖြစ်တဲ့ သိုင်း၊ ဝူရှူး၊ ကရာတေး၊ ဂျူဒိုပြိုင်ပွဲတွေမှာ ဆုရရှိဖို့မျှော်မှန်းထားပါတယ်။ ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနဲ့ ပြည်နယ် ခရစ်ကက်ပြိုင်ပွဲတွေမှာ အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲကို ရောက်ရှိပြီး ဆုတွေရရှိခဲ့တဲ့အတွက် ခရစ်ကက်ကစားနည်းမှာလည်း အဓိကဆုတွေ ရရှိဖို့ မျှော်မှန်းထားပါတယ်။ ဒုတိယအကြိမ်ကျင်းပခဲ့တဲ့ အမျိုးသားအားကစားပွဲတော်မှာ ပြေးခုန်ပစ်အားကစားသမားအနေနဲ့ ပါဝင်ခဲ့ပြီး အခုကျင်းပမယ့် အမျိုးသားအားကစား ပွဲတော်မှာတော့ ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင်အနေနဲ့ ပါဝင်ခွင့်ရလို့ ဂုဏ်ယူပီတိဖြစ်မိပါတယ်။

**မောင်သန့်ဇင်လင်း (ဝူရှူးအားကစားသမား၊ ရခိုင်ပြည်နယ်)**

နိုင်ငံတော်အဆင့် ကျင်းပတဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ရခိုင်ပြည်နယ်ကို ကိုယ်စားပြု အားကစားသမားတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ ဝူရှူးအားကစားအဖွဲ့ကို နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်းမှာ ၁၀ လပိုင်းကတည်းက စနစ်တကျ စခန်းသွင်းလေ့ကျင့်ခဲ့တယ်။ လေ့ကျင့်နေတဲ့ ကာလအတွင်းမှာလည်း အားကစားသမားတွေကို ဘက်ပေါင်းစုံကနေ လိုအပ်မှုတွေမရှိအောင် ကူညီထောက်ပံ့ပေးတဲ့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူအားလုံးကိုကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ ဆုတွေရရှိဖို့ အဓိကရည်မှန်းပြီး ကြိုးစားလေ့ကျင့်ခဲ့တဲ့အတွက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ဖို့ အသင့်ဖြစ်နေပါပြီ။

**တွေ့ဆုံမေးမြန်း**
**ဟိန်းမင်းစိုး၊ ဂျိုင်းလော**
**ဓာတ်ပုံ - ကျော်စွာဝင်း**

▼ *ကျောဖုံးမှ*

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၇ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် မြောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေနှင့် သီရိလင်္ကာနိုင်ငံ ကမ်းခြေအနီးတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

**မိုး/ဇလ**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၃၃ မိနစ် ၃၀ စက္ကန့်အချိန်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်တောင်ဘက် (၁၁၃) မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးညှင်း၏ အနောက်ဘက် (၂၇) မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၇၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၀ ဒီဂရီ၊ အနက် ၂၇ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ **မိုး/ဇလ**

# နတ်တော်လခါမီ စာဆိုတော်လရာသီအခါ ရောက်ပြီမို့ . . .

စာဖတ်ပရိသတ်တစ်ဦး

**နတ်တော်လရာသီသည် မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များတွင် နတ်ပွဲများဖြင့် နတ်တို့ကို ပူဇော်ပသရသော နတ်ပျော်လအဖြစ် ရှေးအခါက သတ်မှတ်ဖော်ပြခဲ့သော်လည်း ရှေးမြန်မာမင်းများလက်ထက်ကပင် ရတု၊ ရကန်၊ ပျို့၊ ကဗျာ၊ ဝတ္ထု၊ မေတ္တာစာ၊ ဆုံးမစာ၊ နီတိစသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုစာပေ အမွေပေးဝေခဲ့ကြသော ရဟန်းစာဆို၊ လူပညာရှိစာဆိုရှင်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများပေးအပ်ချီးမြှင့် ဂုဏ်ပြုခဲ့ကြရာမှ စာဆိုတော်လရာသီအဖြစ် ပို၍ ပေါ်လွင်ထင်ရှားလာခဲ့ပေသည်။**

**❖ အမျိုးသားစာပေတစ်သက်တာဆုကို မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့ကြသော စာပေပညာရှင်ကြီးများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှောက်သောအားဖြင့် ၂၀၀၁ ခုနှစ်မှစတင်၍ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယခုနှစ်သည် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသား စာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်အပ်နှင်းမည့်နှစ်ဖြစ်သည့်အတွက် ကြုံတောင့်ကြုံခိုက် အခါသမယဖြစ်သည်ဟု တင်စားချင်ပါသည်**

သို့ရာတွင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ကိုလိုနီခေတ်အဆက်ဆက် အနန္တသူရိယအမတ်ကြီး၊ စတုရင်္ဂဗလအမတ်ကြီး၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ တောင်ဖီလာဆရာတော်၊ ဆရာတော်ဦးဗုဓ်၊ သင်္ဂဇာဆရာတော်၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော်စသည်ဖြင့် ရဟန်းပညာရှိ၊ လူပညာရှိစာဆိုရှင်ကြီးများ ထင်ရှားကျော်စောခဲ့ကြပြီးသော်လည်း ဗြိတိသျှနယ်ချဲ့ ကိုလိုနီလက်အောက်တွင် မြန်မာစာပေအခန်းကဏ္ဍသည် မြန်မာစာပေအသင်းအဖွဲ့ရယ်ဟူ၍ပင် သတ်သတ်မှတ်မှတ်မရှိခဲ့ပေ။

၁၉၃၉ ခုနှစ်ကာလတွင် ရာဇဝင်စာအုပ်၊ လူမှုရေးကျမ်း၊ သိပ္ပံဝတ္ထု၊ ခေတ်သရုပ်ဖော်စာပေ စသဖြင့် ကျမ်းပေါင်း ၅၀ ကျော် ရေးသားပြုစုခဲ့သော ကမ္ဘာကျော်အင်္ဂလိပ်စာရေးဆရာကြီး အိတ်ဂျီဝဲ (H.G. Wells) မြန်မာပြည်သို့ အလည်လာရောက်စဉ် အတွင်း မြန်မာစာရေးဆရာများ ဆုံစည်းမိကြရာမှ စာရေးဆရာများအသင်းဖွဲ့စည်းရန် စိတ်ကူးရလာခဲ့ကြသည်။

ဆရာကြီးအိတ်ဂျီဝဲသည် နိုင်ငံတကာစာရေးဆရာများပါဝင်သည့် PEN CLUB ခေါ် ကမ္ဘာ့ကလောင်အသင်းကြီးကို ဥက္ကဋ္ဌဖြစ်သူ အင်္ဂလိပ်အမျိုးသမီးကြီး အေမီစကော့ (Amy Scott)၊ အင်္ဂလိပ်စာရေးဆရာကြီး ဂျွန်ဂါးဝါသီ(John Galsworthy) တို့နှင့်အတူ စတင်မြေတောင်မြှောက်ပေးခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်သည်။

ဆရာကြီးအိတ်ဂျီဝဲ မြန်မာပြည်လာရောက်ချိန်တွင် မြန်မာစာရေးဆရာများက ရန်ကုန်တက္ကသိုလ် လှေလှော်အသင်းတွင် လက်ဖက်ရည်ပွဲနှင့် ညှော်ခံဂုဏ်ပြုခဲ့ကြသည်။ အဆိုပါ ညှော်ခံပွဲတွင်မှ မြန်မာစာရေးဆရာများကို အစုလိုက်၊ အပြုံလိုက် စုံစုံညီညီ စတင်မြင်တွေ့ခဲ့ကြရခြင်းဖြစ်သည်။ သတင်းစာဆရာကြီး အိုးဝေညိုမြက **“ဆရာကြီးဝဲအတွက် သင့်လျော်တဲ့ ညှော်ခံပွဲတစ်ခုလုပ်ဖို့ ကျွန်တော်လည်း တက္ကသိုလ်ကလောင်ပေါက်စများဖြစ်တဲ့ တက်တိုး၊ စိုးလှ၊ အာယု၊ ထင်ကြီး၊ ခင်လေးမောင်တို့နှင့် စိုင်းပြင်းပြီး မြန်မာစာရေးဆရာများကိုဖိတ်ခေါ်ရပါတယ်။ အဲဒီတုန်းက ဆန်းကဖီးမှ လက်ဖက်ရည်ပွဲမှာယူရတာ လွယ်ကူပါတယ်။ ခက်တာက မြန်မာစာရေးဆရာများကို ရန်ကုန်မြို့ လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားမှာ ပိုက်စိပ်တိုက်ရှာဖွေရခြင်းဖြစ်ပါတယ်။ တချို့ကလည်း ခြေသလုံးအိမ်တိုင်စာရေးဆရာများပေမို့ ကျွန်တော်တို့အဖွဲ့မှာ လူဆိုးဖမ်းရတာထက် ပင်ပန်းခဲ့ရပါတယ်။ နောက်ဆုံးမှာ အတော်စုံစုံလင်လင်လေး ဖြစ်သွားလို့ ကျေနပ်မိပါတယ်။ မြန်မာ့သမိုင်းမှာ စာရေးဆရာအများဆုံး စတင်ဆုံတွေ့ကြတဲ့ ပွဲပေပဲ”**ဟူ၍ ပြန်ပြောင်းမှတ်တမ်းတင် ရေးသားခဲ့ပါသည်။

## ဖိတ်စာမရ၍ ဗိုလ်ချုပ်ပြန်သွားခဲ့

ဆရာကြီးညိုမြရေးသားသည့် ဆိုခဲ့ပါ **“ကလောင်သမိုင်း”**ဟူသည့် ဆောင်းပါးမှာ မှတ်သားဖွယ်ရာ သမိုင်းမှတ်တမ်းအချို့လည်း ပါဝင်ပါသည်။ ဆရာကြီးအိတ်ဂျီဝဲ ညှော်ခံပွဲသို့ တက်ရောက်ရန် မြန်မာစာရေးဆရာကြီးပီမိုးနင်းကို ဆရာကြီးရန်အောင်က သွားရောက်ဖိတ်ခေါ်ရာ ဆရာကြီးပီမိုးနင်းက **“ကမ္ဘာကျော်သည့်၊ ကလောင်မော် အိတ်ဂျီဝဲ၊ ထိုသည့်ပွဲတွင်၊ မျက်နှာမွဲစရာ၊ မတက်ရောက်လိုပါ”** ဟု ပြောကြားခဲ့သည်ဟု ဆိုသည်။

ထိုစဉ်က သမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်း (ဗိုလ်ချုပ်) ခမျာမှာလည်း ဖိတ်စာမရခဲ့ဟု သိရသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဆရာကြီးညိုမြက **“အဲဒီပွဲမှာ ကျွန်တော်က ကိုအောင်ဆန်း(ဗိုလ်ချုပ်)ကို ဖိတ်ဖို့ မေ့လျော့ခဲ့ပါတယ်။ အမှန်ကတော့ သူက သမဂ္ဂဥက္ကဋ္ဌမို့ သူ့ကို နိုင်ငံရေးသမားလို့ ကျွန်တော်က စာရင်းသွင်းထားမိတယ်။ ဒါပေမယ့် သူက ‘ကျွန်တော် အိုးဝေအယ်ဒီတာလုပ်ခဲ့တာကို မေ့ပလား’ဆိုမှ ကျွန်တော် အထူးဝမ်းနည်းမိတယ်။ ‘အမယ်လေး ဟုတ်သားပဲ၊ ငါ့နှယ် သေပါတော့ဟာ၊ ဆောရီးပဲဗျာ’လို့ ပြောလိုက်ရပါတယ်။ သူက ဆရာကြီးဝဲ ညှော်ခံပွဲကိုလာပြီး လက်ဖက်ရည်တွေ၊ ကိတ်မုန့်တွေ အများကြီးစားပါတယ်။ ဒါပေတဲ့ ဖိတ်စာမရလို့ ခတ်ပုံရိုက်ရာမှာ မပါချင်ဘူးဆိုပြီး ပြန်သွားပါတယ်”**ဟု ပြန်ပြောင်းရေးသားခဲ့ပါသည်။

ထိုစဉ်က သခင်မပေါက်စ ကလောင်ရှင် ဒေါ်ခင်မျိုးချစ်နှင့် စာရေးဆရာအချို့က ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်(ဗိုလ်အောင်ကျော်)ကို နယ်ချဲ့အလိုတော်ရိ ပုလိပ်များက ရိုက်၍သေဆုံးခဲ့ရပုံ၊ ဗြိတိသျှနယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်ဆိုးသွမ်းပုံတို့ကို ဆရာကြီးအိတ်ဂျီဝဲထံ မှတ်တမ်းမှတ်ရာများနှင့် တင်ပြခဲ့သည့်အတွက် ဆရာကြီးဝဲကလည်း အင်္ဂလန်ပြန်ရောက်ချိန်တွင် မမေ့မလျော့ဘဲ News Chronicle သတင်းစာတွင် **‘မြန်မာပြည်၏ ဒုက္ခ(Trouble in Burma)’** ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားပြီး မြန်မာများဘက်မှ တင်ပြပေးခဲ့ပါသည်။

ကမ္ဘာကျော်စာရေးဆရာကြီး အိတ်ဂျီဝဲ ပြန်သွားပြီးနောက် ၁၉၄၀ ပြည့်နှစ်တွင် သတင်းစာဆရာကြီး ဒီးဒုတ်ဦးဘချို (အာဇာနည်ခေါင်းဆောင်ကြီး) ဦးဆောင်၍ စာရေးဆရာများအသင်းကို ထူထောင်ခဲ့ကြသည်။ မူလက **“မြန်မာနိုင်ငံ စာရေးဆရာများအစည်းအရုံး”**ဟု ခေါ်တွင်ရာမှ ဂျပန်ခေတ်တွင် စာရေးဆရာများအသင်းကို ပြန်လည်စုစည်းခဲ့ပြီးလျှင် **“မြန်မာစာရေးဆရာများအသင်း”** ဟူ၍ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ နတ်တော်လဆန်း ၁ ရက်နေ့ကိုလည်း စာဆိုတော်နေ့အဖြစ် ၁၃၀၆ ခုနှစ် ဂျပန်ခေတ်တွင် သူကြီးဂေဇက် ဦးခင်မောင်က ဦးဆောင်၍ ဦးအုန်းဖေ(ဆရာတက်တိုး)၊ ဦးတင်ဦး၊ အမြုတ်ခွန်မင်းကြီး ဦးယုဆိုင်၊ ကက်သရင်းဒေါ်ခင်ခင်၊ ပညာရေးဝန်ကြီး ဦးလှမင်း၊ ဒီးဒုတ်ဦးဘချို၊ ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးကောင်း၊ သူရိယဦးသိမ်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဇဝန၊ မြို့မဆရာဟိန် စသော မြန်မာစာရေးဆရာများအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများက ညှိနှိုင်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

စာဆိုတော်နေ့ကို စာရေးဆရာများအသင်း ဖွဲ့စည်းပြီးနောက် လေးနှစ်အကြာ (၁၉၄၄ ခုနှစ်) တွင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မူလက **“ဦးပုညနေ့”**အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွင် ဆရာတက်တိုးက အင်္ဂလိပ်လူမျိုးများသည် စာပေယဉ်ကျေးမှုကို အမြတ်တနိုးထားပုံနှင့် ထင်ရှားသောစာရေးဆရာကြီး ရှိတ်စပီးယားကို ဂုဏ်ပြုသောအားဖြင့် ရှိတ်စပီးယား၏ မွေးနေ့ဖြစ်သော ဧပြီလ ၂၃ ရက်နေ့ကို ရှိတ်စပီးယားပွဲတော်နေ့အဖြစ် နှစ်စဉ် ကျင်းပခဲ့ပုံများနှင့်စပ်လျဉ်း၍ ပြောဆိုရာမှ မိတ်ဆွေဖြစ်သူ ဦးယုဆိုင်က **“သူတို့က ရှိတ်စပီးယားပွဲတော် လုပ်ကြသလို ကျွန်တော်တို့ကလည်း ဦးပုညနေ့လုပ်ကြတာပေါ့ဗျာ”**ဟူ၍ စတင်အကြံပြုရာမှ ဦးအုန်းဖေ(ဆရာတက်တိုး)နှင့် အမြုတ်ခွန်မင်းကြီး ဦးယုဆိုင်တို့၏ ဆက်လက်ကြိုးပမ်းမှုဖြင့် ဦးပုညပွဲတော်ကျင်းပရန် အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ဆရာကြီးစလေဦးပုည၏ မွေးနေ့ဖြစ်သော ကဆုန်လဆန်း ၁၃ ရက်နေ့ကို ဦးပုညနေ့အဖြစ်သတ်မှတ်၍ ၁၃၀၆ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် (၁၉၄၄ ခုနှစ် မေလ ၄ ရက်) နေ့တွင် ပထမဆုံး ဦးပုညနေ့ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

## စာဆိုတော်နေ့အဖြစ် သတ်မှတ်ကျင်းပ

ထိုမှတစ်ဖန် ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့် သက်ဆိုင်သည့် နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပရန် အကြံပြုမှုအရ ပညာတံခွန်အသင်းကြီးမှ ပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများနှင့် မြန်မာစာရေးဆရာများအသင်းမှ ပုဂ္ဂိုလ်များက ၁၉၄၄ ခုနှစ် မေလ ၈ ရက်နေ့တွင် အစည်းအဝေးတစ်ရပ်ခေါ်ယူ၍ တိုင်ပင်ဆွေးနွေးခဲ့ကြပြီး နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် ကျင်းပရန် သတ်မှတ်ဆုံးဖြတ်ခဲ့သဖြင့် စာဆိုတော်နေ့ စတင်ပေါ်ပေါက်လာခဲ့ပေသည်။

ဤသို့ဖြင့် မြန်မာစာရေးဆရာအသင်းကြီးက မျိုးစေ့ချပေးခဲ့သော စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နောက်ပိုင်းကာလများတွင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ စာပေဆုနှင်းသဘင်ပွဲများ၊ သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲများစသည်ဖြင့် စာပေလောကနှင့်ဆက်စပ်သည့် အခမ်းအနားများကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့ကြသည်။

မြန်မာစာရေးဆရာ အသင်းကြီးကလည်း စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ရာ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။ ယခုနှစ်တွင် ပူဇော်ကန်တော့ခံ အသက် ၈၀ နှင့် ၈၀ အထက် သက်ကြီးစာပေပညာရှင် ၂၇၆ ဦးရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အဆက်ဆက်ကလည်း စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာဆိုတော်နေ့တွင် စာပေဆုနှင်းသဘင်ပွဲများ ဆင်ယင်ကျင်းပကာ စာပေဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစတင်၍ စာပေဗိမာန်ကာလပေါ်ဝတ္ထုဆုအဖြစ် စတင်ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ၁၉၄၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်ဆု၊ ၁၉၆၂ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆု၊ ထိုမှတစ်ဆင့် အမျိုးသားစာပေဆုအမည်ဖြင့် စာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြန်ပါသည်။ ထို့မှတစ်ဖန် ယခုကာလတိုင် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအဖြစ်သို့ တိုးတက်ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ အမျိုးသားစာပေတစ်သက်တာဆုကို မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့ကြသော စာပေပညာရှင်ကြီးများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှောက်သောအားဖြင့် ၂၀၀၁ ခုနှစ်မှစတင်၍ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ **ယခုနှစ်သည် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်အပ်နှင်းမည့်နှစ်ဖြစ်သည့်အတွက် ကြုံတောင့်ကြုံခိုက် အခါသမယဖြစ်သည်ဟု တင်စားချင်ပါသည်။**

## ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ်တွင်လည်း နိုင်ငံတော်အစိုးရက စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်၊ စာအုပ်မျိုးစုံသည် လူသားများ၏ခေတ်ကြေးမုံ၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေ၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်၊ စာပေသည်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးသည်၊ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့် အနုသုခုမပညာရပ်များသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ *စာမျက်နှာ ၁၁ သို့*

## ပူးလိန်းကျေးရွာ၌ ရေပိုက်လိုင်းနှင့် အုတ်ရေကန် တည်ဆောက်နေမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**မိုင်းရှူး နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းစံကျေးရွာအုပ်စု ပူးလိန်းကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ရရှိစေမည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ပူးလိန်းကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူရန်အတွက် ရေထွက်ပင်ရင်းမှ ကျေးရွာအထိအရှည် ခြောက်ဖာလုံရှိ နှစ်လက်မ ရေပိုက်လိုင်းများ သွယ်တန်းနေမှုနှင့် ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပူးလိန်းကျေးရွာရှိ အိမ်ခြေ ၅၀၊ လူဦးရေ ၂၉၅ ဦးအတွက် နှစ်စဉ် နွေရာသီကာလအတွင်း ရေရှားပါးသည့် ပြဿနာများ ပြေလည်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးဖူလုံစွာရရှိစေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၃၃၁ သန်း အကုန်အကျခံကာ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စက်တင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



## တောင်တမုတ်လက်တံမြောင်း၌ သဲနုန်းတူးဖော်ခြင်းနှင့် ရေမြှင့်အဆောက်အအုံ ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရေး ရေမြောင်းများကို သဲနုန်းတူးဖော်ခြင်း၊ ရေတံခါးများ၊ ရေမြှင့် ရေကျ အဆောက်အအုံများနှင့် မြောင်းပေါင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေများ ပေးဝေနေသည့် တောင်တမုတ်လက်တံမြောင်း၌ သဲနုန်းတူးဖော်ခြင်းနှင့် ရေမြှင့်အဆောက်အအုံလေးခု ပြန်လည်ပြုပြင်ပေးသည်။

တောင်တမုတ်လက်တံမြောင်းသည် နှစ်ကာလကြာမြင့်စွာ သဲနုန်းတူးဖော်ခြင်း မရှိသောကြောင့် မြောင်းအတွင်းသဲနုန်းများ ပို့ကျကာ မြောင်းကြမ်းပြင်အနိမ့်အမြင့် ညီညာမှုမရှိဘဲ မြောင်းဘေး ဝဲ၊ ယာ ရေပြွန်များအတွင်းသို့ လိုအပ်သည့်ရေဝင်ရောက်မှုပမာဏ အပြည့်အဝမရှိသောကြောင့်၊ မြောင်းအဆုံး၊ မြောင်းအဖျားရှိ စိုက်ခင်းများအထိ ရေပြည့်ဝစွာပေးဝေနိုင်ရေး မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၄ ဒသမ ၀၀၀ အကုန်အကျခံ ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သက်မောင်**



## မောက်မယ်မြို့နယ်၌ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်များ ထောက်ပံ့ပေးအပ်



**မောက်မယ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကုန်းလမ်းရပ်ကွက်ရှိ ဦးလုံးရွှေ၏ နွားခြံ၌ ပြုလုပ်သည်။

ထိုသို့ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်များထောက်ပံ့ပေးအပ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အစီအစဉ်များဖြင့် နွားထီး သုံးကောင်၊ နွားမ လေးကောင်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဌေးတို့က ကျေးရွာတာဝန်ရှိသူထံ ပေးအပ်ခဲ့သည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

*စာမျက်နှာ ၁၀ မှ*

ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာတွင် အဓိကအခြေခံဖြစ်သည်၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများက အရေးပါသကဲ့သို့ ဉာဏပစ္စည်းဆိုင်ရာများကလည်း ထပ်တူအရေးကြီးသည် စသည်ဖြင့် အလေးအနက်ခံယူပြီး စာပေဝါသနာကြီးသူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြန်မာစာပေယဉ်ကျေးမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးသာမက စာပေပညာရှင်ကြီးများနှင့် မြန်မာစာပေလောကသားများကိုလည်း ထိုက်ထိုက်တန်တန်အားပေးချီးမြှောက်ခဲ့ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် မတ်လတွင် စာပေနှင့် အနုပညာနယ်ပယ်မှ ထူးချွန်သူ ၂၅ ဦး၊ ၂၀၂၂ ခုနှစ် ဧပြီလတွင် ရှစ်ဦးနှင့် ၂၀၂၂ ခုနှစ်နိုဝင်ဘာလ ၁၇ ရက်နေ့၌ ကျရောက်ခဲ့သော အမျိုးသားအောင်ပွဲနေ့တွင် ခုနစ်ဦးတို့ကို အလင်္ကာကျော်စွာဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့သည်။ အလင်္ကာကျော်စွာဘွဲ့ကို စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးချွန်ကောင်းမွန်စွာ တတ်မြောက်သူများအား ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ လွတ်လပ်ရေးရအပြီး ပါလီမန်ခေတ်မှစ၍ ယနေ့ မျက်မှောက်ကာလအထိ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၆၄ ဦးတို့အနက် အဆိုပါပုဂ္ဂိုလ်များထဲတွင် စာပေပညာရှင်များအဖြစ် တစ်သက်တာစာပေဆုရ ဆရာကြီး ဆရာမကြီး ၁၉ ဦး ပါဝင်ကြောင်း သိရသည်။**

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရက အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုး၍ ချီးမြှင့်ခဲ့ရာ ၂၀၂၂ ခုနှစ်ကကျင်းပသော ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင် အခမ်းအနားတွင် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် စာပေပညာရှင်ဆရာကြီး ဦးကျော်ဇင်ညွန့်(တက္ကသိုလ်မြတ်သူ)၊ စာပေပညာရှင်ဆရာကြီး ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာမျိုးသန့်တင်နှင့် စာပေပညာရှင်ဆရာမကြီး ဒေါက်တာဒေါ်တင်တင်ဝင်း (ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်)တို့ လေးဦးကို ရွေးချယ်၍ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်က ကျင်းပသော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင်အခမ်းအနားတွင်လည်း အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာချစ်စံ(ချစ်စံဝင်း)၊ စာပေပညာရှင်ဆရာမကြီး ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း) နှင့် စာပေပညာရှင်ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း)တို့ လေးဦးကို ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

**၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း (သမိုင်း)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့ ခြောက်ဦးအား ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း ၂၀-၁၁-၂၀၂၄ ရက်နေ့တွင် ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ စာပေပညာရှင်ကြီးများအား ၁-၁၂-၂၀၂၄ ရက်နေ့တွင် ကျင်းပမည့် (၇၅) ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုချီးမြှင့်ပွဲတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။**

၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုအတွက် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၄၆၆ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ကိုးမျိုး၊ စာပေဗိမာန်စာမူတွင် ပြိုင်ပွဲဝင် စာမူ ၂၆၂ စောင်အနက် ဘာသာရပ် ၁၄ ခုထဲမှ ဆုချီးမြှင့်ရန် ထိုက်တန်သည့်စာမူပေါင်း ၂၈ ခုကို စိစစ်ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၂ ခုနှစ် အမျိုးသားစာပေဆုအတွက် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၇၅၄ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက်သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၁ မျိုး၊ စာပေဗိမာန်စာမူဆုအတွက် ပြိုင်ပွဲဝင်စာမူ ၂၇၇ ခုအနက် စာမူပေါင်း ၂၉ ခုကို စိစစ်ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

### စာပေဖွံ့ဖြိုးရေးအတွက် စာဆိုဗိမာန်တည်ဆောက်

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရက အနုပညာနယ်ပယ်အသီးသီးရှိ အနုပညာဖန်တီးမှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် **“အနုပညာဗဟိုဌာနအဆောက်အဦ (Art Centre)”** နှင့် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ထာဝရရှင်သန်စေရန်အတွက် **“စာဆိုဗိမာန်”** ကိုလည်း စီစဉ်တည်ဆောက်လျက်ရှိသည်။

စာဆိုဗိမာန်ကို နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေကေ ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်လျက်ရှိသည်။

စာဆိုဗိမာန်ကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်မှု သမိုင်းမှတ်တမ်းခေတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ ပေပုရပိုက်များ၊ သမိုင်းဝင်ကဗျာများ၊ စာပေဆုရစာအုပ်စာပေများ၊ မြန်မာနိုင်ငံ၌ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရ စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ပြခန်းများကို ကဏ္ဍအလိုက် ထည့်သွင်းထားရှိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စာဆိုဗိမာန်ကို မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကို နှစ်နှစ်ကာလ သတ်မှတ်ထားသည်။

အမျိုးသားယဉ်ကျေးမှု စာပေအမွေကို လက်ဆင့်ကမ်းပေးခဲ့ကြသော၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန်၊ ဇာတိသွေး ဇာတိမာန် တက်ကြွလာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကဓမ္မရေးရာများကို သုံးသပ်ဆင်ခြင်နိုင်စေရန် စာပေဖြင့် တွန်းအားပေးလှုံ့ဆော်ပေးခဲ့ကြသော စာဆိုပညာရှင်ကြီးများကို နိုင်ငံတော်က ထိုကဲ့သို့ အားပေးချီးမြှောက် ဂုဏ်ပြုခဲ့သည့်နည်းတူ ကျွန်ုပ်တို့ စာဖတ်ပရိသတ် မြန်မာပြည်သူအပေါင်းကလည်း စာပေကျေးဇူးတင်ရှိဖူးသည့် ခေတ်အဆက်ဆက် စာဆိုတော်ကြီးများနှင့် နိုင်ငံအကျိုးပြုစာပေပညာရှင်ကြီးများကို နတ်တော်လခါမီ စာဆိုတော်လရာသီအခါသမယတွင် မမေ့မလျော့ဘဲ ဂါရဝ တရားရှေ့ထား၍ လေးမြတ်ကော်ရော် ဦးခိုက်ပူဇော်ကြပါစို့။ ။

# အရှေ့အလယ်ပိုင်းတွင် လူသားချင်းစာနာမှုအခြေအနေတိုးတက်ရေး ပူးပေါင်းလုပ်ဆောင်ကြရန် ဂျီ - ၇ နိုင်ငံခြားရေးဝန်ကြီးများ သဘောတူ

**ရောမ နိုဝင်ဘာ ၂၆**

ဂျီ - ၇ နိုင်ငံခြားရေးဝန်ကြီးများသည် အရှေ့အလယ်ပိုင်းဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ တိုးတက်ရေးအတွက် အတူတကွပူးပေါင်းလုပ်ဆောင်ကြရန် သဘောတူခဲ့ကြကြောင်း သိရသည်။

**နှစ်ရက်ကြာအစည်းအဝေးစတင်**

အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားနေသည့်အတွက် အဆိုပါသဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိပ်တန်းသံတမန်များသည် နိုဝင်ဘာ ၂၅ ရက်က အီတလီနိုင်ငံတွင် နှစ်ရက်ကြာ အစည်းအဝေး စတင်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**အာရပ်နိုင်ငံများ ပါဝင်ဆွေးနွေး**

အီဂျစ်၊ ဂျော်ဒန်၊ ဆော်ဒီအာရေဗျနှင့် အခြားအာရပ်နိုင်ငံများသည် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီယာဝါ တာကီရှိက သံတမန်ရေးရာ စဦးဆောင်ရွက်လှုပ်ရှားမှုများ လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

**လူသားချင်းစာနာမှုအခြေအနေ ပိုမိုဆိုးရွား**

ထို့ပြင် ဂါဇာနှင့် လက်ဘနွန်တို့တွင် လူသားချင်းစာနာမှုဆိုင်ရာအခြေအနေများ ပိုမိုဆိုးရွားလာမှုနှင့်ပတ်သက်ပြီး စိုးရိမ်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် တုံ့ပြန်ရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဂျပန်နိုင်ငံသည် အနာဂတ်ကာလ ဂါဇာပြန်လည်တည်ဆောက်ရေးတွင် ထောက်ပံ့ကူညီပေးနိုင်ရန် စီစဉ်နေကြောင်းလည်း အီယာဝါက ပြောသည်။

ဂျီ - ၇ နိုင်ငံခြားရေးဝန်ကြီးများသည် လူသားချင်းစာနာမှုအကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရန် အာရပ်နိုင်ငံများအပြင် နိုင်ငံတကာအသိုင်းအဝိုင်းက အခြားနိုင်ငံများနှင့် အတူတကွ ဆက်လက်ပူးပေါင်းလုပ်ဆောင်ကြရန် သဘောတူခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




# သီရိလင်္ကာ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဘေးအန္တရာယ်များကြောင့် လူပေါင်း ၅၀၀၀၀ ကျော် ဘေးသင့်မှုဖြစ်

**ကိုလံဘို နိုဝင်ဘာ ၂၆**

နိုဝင်ဘာ ၂၂ ရက်ကစ၍ သီရိလင်္ကာနိုင်ငံရှိ ခရိုင် ၁၀ ခုတွင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဘေးအန္တရာယ်များကြောင့် ဘေးသင့်မှုဖြစ်ပွားသူ ၅၀၀၀၀ ကျော်ရှိကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန (ဒီအမ်စီ)က နိုဝင်ဘာ ၂၅ ရက် တွင် ထုတ်ပြန်ထားသည်။

မိသားစု ၁၅၀၂၃ စုမှ လူပေါင်း ၅၂၆၂၉ ဦးမှာ ရေလွှမ်းမိုးမှု၊ လေပြင်းတိုက်ခတ်မှု၊ မိုးကြိုးပစ်ခတ်မှုနှင့် သစ်ပင်များ လဲကျမှုစသော ဘေးအန္တရာယ်များကြောင့် ဘေးသင့်မှုဖြစ်ပွားခဲ့ကြောင်း ဒီအမ်စီက ပြောသည်။



ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုသည် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာကြောင်း သီရိလင်္ကာ မိုးလေဝသဌာနက ပြောသည်။

မြောက်ပိုင်း ပြည်နယ်နှင့် ထရင်ကွန်မာလီခရိုင်ရှိ အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းကာ မိုးရေချိန် ၁၅၀ မီလီမီတာအထက် ရှိနိုင်ကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# အာကာသအတွင်းသို့ စတားလင့်ခ် ဂြိုဟ်တု ၂၃ စင်း SpaceX လွှတ်တင်

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၆**

အမေရိကန်ပုဂ္ဂလိက အာကာသကုမ္ပဏီ SpaceX သည်ဂြိုဟ်တုပတ်လမ်းအတွင်းသို့ စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းကို နိုဝင်ဘာ ၂၅ ရက်တွင် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၀၂ မိနစ်တွင် လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုများကို ဖလော်ရီဒါပြည်နယ် ကိတ်ကန်နာဗာရယ် အာကာသယာဉ် လွှတ်တင်သည့်စခန်းမှ ဖယ်လ်ကွန် - ၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း SpaceX က ထုတ်ပြန်ထားသည်။

စတားလင့်ခ်သည် အင်တာနက်သုံးစွဲခွင့်မရရှိသော နေရာများ၊ သုံးစွဲခွင့်ရရန် ဈေးအလွန်ကြီးသော နေရာ များ သို့မဟုတ် လုံးဝသုံးစွဲခွင့်မရရှိသောနေရာများအား မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမည်ဖြစ်သောကြောင့် ကျောင်းများပိတ်

**တမီးလ်နာဒူ နိုဝင်ဘာ ၂၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း ပုဒုချယ်ရီနှင့် ကာရိုက်ကယ်ဒေသများတွင် နောက် ၂၄ နာရီမှ ၄၈ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းမည်ဖြစ်သောကြောင့် ကျောင်းများနှင့် ပညာရေးအဆောက်အအုံများကို ပိတ်ခဲ့ရကြောင်း ပုဒုချယ်ရီပညာရေးဝန်ကြီး အာရှမူဂမ်က နိုဝင်ဘာ ၂၆ ရက်က ပြောကြားလိုက်သည်။

ဒေသမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ အဆိုပါဒေသများရှိ လေဖိအားနည်းရပ်ဝန်းသည် အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်မိုးလေဝသဌာန ညွှန်ကြားရေးမှူး အက်စ်ဘာလာချန်ဒရမ်က ယခုဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာမည်ဖြစ်ပြီး မြောက်ဘက်သို့ ဦးတည်ရွေ့လျားသွားမည်ဖြစ်ကြောင်းနှင့် တမီလ်နာဒူကမ်းရိုးတန်းသို့ ရောက်ရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

မုန်တိုင်းအရှိန်ကြောင့် အဆိုပါဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

**ဆင်ဟွာ**

# (၈) ကြိမ်မြောက် အာဆီယံမီဒီယာဖိုရမ် လာအို၌ ကျင်းပ

**ဗီယင်ကျန်း နိုဝင်ဘာ ၂၆**

(၈) ကြိမ်မြောက် အာဆီယံမီဒီယာဖိုရမ်ကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့ရာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ဝင် နိုင်ငံများမှ အကြီးတန်းသတင်းထောက်များနှင့် မီဒီယာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အာဆီယံ၏ ဒေသတွင်းပေါင်းစည်းမှုကို မြှင့်တင်ရာတွင် မီဒီယာများ၏ အဓိကအခန်းကဏ္ဍကို မီးမောင်းထိုးပြခဲ့ပြီး အနာဂတ်တွင် ချိတ်ဆက်ဆောင်ရွက်သွားမှုများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါဖိုရမ်တွင် အခြေခံအဆောက်အအုံ၊ ထောက်ပံ့ပို့ဆောင်ရေး၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့်တင်ရေး၊ စွမ်းအင်ပေါင်းစည်းမှုနှင့် ဒေသတွင်းစိန်ခေါ်မှုများကဲ့သို့သော နယ်ပယ်များတွင် အာဆီယံ၏ ချိတ်ဆက်မှုနှင့် ခံနိုင်ရည်ရှိရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၌ လျှပ်တစ်ပြက် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် လူ ၁၅ ဦးထက်မနည်းသေဆုံး

**ဆူမားတြား နိုဝင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းတွင် သီတင်းတစ်ပတ်ကျော်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျခြင်းနှင့် လျှပ်တစ်ပြက်ရေကြီးရေလျှံများ ဖြစ်ပွားခဲ့ရာ လူ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ခုနစ်ဦး ပျောက်ဆုံးခဲ့သည်။ ကယ်ဆယ်ရေးသမားများသည် အသက်ရှင်သန်ကျန်ရစ်သူများကို ဆက်လက်ရှာဖွေလျက်ရှိသည်။

ဆူမားတြားမြောက်ပိုင်းတွင် အိမ်အလုံးရေ ၁၅၀ ကျော်ရေစီးနှင့် အတူမျောပါခဲ့ပြီး လယ်ယာမြေများလည်း ပျက်စီးသွားခဲ့ကြောင်း အေပီသတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

အောက်တိုဘာလမှ မတ်လအထိ ရာသီမိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့သည်။

သက်ဆိုင်ရာအာဏာပိုင်များက လာမည့်ရက်အတွင်း ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပေါ်နိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားကြရန် ဒေသခံများကို သတိပေး တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



# ဒီနေ့ခေတ်မှာ လူငယ်တွေက စာအုပ်ကိုင်ဖတ်တာထက် ဆိုရှယ်မီဒီယာနဲ့ အင်တာနက်ကတစ်ဆင့် သူတို့သိလိုတာ သိချင်တာတွေကို အမြဲရှာဖွေဖတ်ရှုတတ်ပါတယ်။ ဒါပေမယ့် စာကိုရွေးချယ်ပြီး ဖတ်ရှုဖို့ကလည်း အရေးကြီးပါတယ်။

ပုံချို


ပုံချို


ဉာဏ်လင်းတင့်


ပုလောစိုးနုံ့သာ


ကြည်မင်းဝေ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**ဘာသာရပ် – သုတ(ဝိဇ္ဇာ)**
**စာရေးသူ – ပုံချို**
**စာအုပ်အမည် – ပျူနိုင်ငံတော်နှင့် အခြားဆောင်းပါးများ**

စာအုပ်အတွက်လိုအပ်တဲ့ သမိုင်းနောက်ခံအချက်အလက်တွေကို အဲဒီဒေသတွေမှာ တာဝန်ထမ်းဆောင်စဉ်က ကိုယ်တိုင်ကွင်းဆင်း လေ့လာတာမျိုး၊ ဒေသခံတွေဆီကနေ မေးမြန်းတာမျိုး အပြင် အခြားလိုအပ်တဲ့အချက်အလက်တွေအတွက် ပညာရှင်တွေရဲ့စာတမ်းတွေ၊ စာအုပ်တွေကနေတစ်ဆင့် လေ့လာစုဆောင်းခဲ့ရပါတယ်။ အဓိကကတော့ ကျွန်တော်တို့ဟာ အတိတ်မှာဘယ်လောက်အထိ ခိုင်မာတဲ့သမိုင်းကြောင်းရှိခဲ့တယ်ဆိုတာကို လူငယ်တွေသိစေချင်တဲ့ စေတနာနဲ့ ဆိုရှယ်မီဒီယာပေါ်မှာ စာတွေစရေးတာကနေ အခုလို သမိုင်းဆောင်းပါးတွေ ရေးသားဖြစ်တာပါ။ မြန်မာလူငယ်တွေဟာ သမိုင်းကို စိတ်ဝင်စားမှုရှိပေမယ့် သမားရိုးကျ သမိုင်းစာအုပ်တွေ၊ ကျမ်းတွေကို အချိန်ပေးပြီး မဖတ်နိုင်တာကို သတိထားမိတယ်။

ဒါကြောင့် ဆိုရှယ်မီဒီယာမှာ လူငယ်တွေစိတ်ထဲကို ရောက်အောင် အဓိကအချက်တွေကိုပဲ တိုတိုနဲ့လိုရင်းရောက်ပြီး ဒီခေတ်ပုံစံ စကားပြော၊ စကားပြေပုံစံနဲ့ရေးတာကို ကြိုက်တာတွေ့တော့ အဲဒီလိုပုံစံနဲ့ သမိုင်းနောက်ခံဝတ္ထုတွေ၊ ဆောင်းပါးတွေ၊ အက်ဆေးတွေ ရေးသားခဲ့တယ်လို့ ပြောလို့ရပါတယ်။

ကျွန်တော်အခုလို အမျိုးသားစာပေဆုရတဲ့အတွက် တကယ်ကို အံ့လည်းအံ့ဩမိသလို ဝမ်းလည်းဝမ်းသာမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က စာအုပ်ထုတ်ဝေတာ နည်းသလို ဆိုရှယ်မီဒီယာမှာပဲ စာရေးတာများတာကြောင့်ပါ။ ဒီဆုရတဲ့အတွက် ကျွန်တော့်ရဲ့ ဝါသနာကို မြေတောင်မြှောက်ပေးခဲ့တဲ့ ကျွန်တော့်မိဘတွေကို ဦးဆုံးကျေးဇူးတင်ရမှာပါ။ ပြီးတော့ ကျွန်တော့်ရဲ့ အားနည်းချက်၊ အားသာချက်တွေကို မှန်မှန်ကန်ကန်အသုံးချနိုင်အောင် ကြည့်ရှုစောင့်ရှောက်ခဲ့တဲ့ အထက်အကြီးအကဲ ဆရာသမားတွေကို ကျေးဇူးတင်ပါတယ်။ နောက်ဆုံးကတော့ ဆိုရှယ်မီဒီယာမှာရော၊ ပုံနှိပ်ထုတ်ဝေတဲ့ စာအုပ်တွေမှာရော အမြဲအားပေးပြီး ဝေဖန်ပေးတဲ့ ကျွန်တော့်မိတ်ဆွေသူငယ်ချင်းတွေ၊ စာဖတ်ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့ အားပေးမှုကြောင့်သာ ကျွန်တော် စာတွေဆက်ရေးနိုင်တယ်လို့ ပြောမယ်ဆိုမမှားပါဘူး။ လူငယ်တွေက စာမဖတ်ဘူးလို့ပြောတာ နည်းနည်းမှားတယ်လို့ထင်ပါတယ်။ ဒီနေ့ခေတ်မှာ လူငယ်တွေက စာအုပ်ကိုင်ဖတ်တာထက် ဆိုရှယ်မီဒီယာနဲ့ အင်တာနက်ကတစ်ဆင့် သူတို့သိလိုတာ၊ သိချင်တာတွေကို အမြဲရှာဖွေဖတ်ရှုတတ်ပါတယ်။ ဒါပေမယ့် စာကိုရွေးချယ်ပြီး ဖတ်ရှုဖို့ကလည်း အရေးကြီးပါတယ်။ ကိုယ့်အတွက်တင်မဟုတ်ဘဲ ကိုယ့်လူမျိုးအတွက် ကိုယ့်နိုင်ငံအတွက် အကျိုးရှိမယ့်စာတွေ ဖတ်ရှုလေ့လာသင့်ပါတယ်။

**ဘာသာရပ် – ယဉ်ကျေးမှု**
**စာရေးသူ – ဉာဏ်လင်းတင့်**
**စာအုပ်အမည် – ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ**

ကျွန်တော့် အဓိကအသက်မွေးဝမ်းကျောင်းအလုပ်က ပုံနှိပ်တိုက်နဲ့ စာအုပ်ထုတ်ဝေရေးအလုပ်ပါ။ မဂ္ဂဇင်းနှစ်အုပ်မထုတ်တော့တဲ့အချိန်မှာ ရုံးချိန်အတွင်း အချိန်ပို၊ အချိန်အားလေးတွေ ပိုထွက်လာပါတယ်။ အားတဲ့အချိန်လေးမှာ နှစ်တစ်ရာကျော်ဘုန်းကြီးကျောင်းများစာအုပ်ကိုစရေးဖို့ ပြုစုပါတယ်။ ပြုစုရင်းနဲ့ စာမျက်နှာတွေများပြီး လေ့လာရမယ့် အကြောင်းအရာတွေက ကျယ်ပြန့်လာတော့ ဘုန်းကြီးကျောင်းအကုန်မရေးဘဲနဲ့ တော်ဝင်မျိုးနွယ်ရှင်ဘုရင်၊မိဖုရားနဲ့ မင်းညီမင်းသားတွေ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတွေကိုရေးသားပြုစုရင် အချက်အလက်ရှာရတာလွယ်ပြီး စာမျက်နှာလည်း ပိုနည်းလာမယ်လို့တွေးမိပြီး ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းတော်ကြီးကျောင်းများဆိုတဲ့စာအုပ်ကို ရေးသားပြုစုခဲ့ပါတယ်။ သည်စာအုပ်မှာပါတဲ့ သမိုင်းဆိုင်ရာအချက်အလက်တွေ၊ ဓာတ်ပုံတွေရရှိဖို့က တဖြည်းဖြည်းချင်း စုဆောင်းပြီး ရေးသားပြုစုလာခဲ့ရတာပါ၊ အင်တာနက်ကတစ်ဆင့်ညွှန်တဲ့ ဝက်ဆိုက်ဘ်တွေ၊ အခြားနိုင်ငံတွေက တက္ကသိုလ်စာကြည့်တိုက်တွေအထိ ဓာတ်ပုံတွေ၊ စာတွေကို အွန်လိုင်းက အချိန်အားရင်အားသလို ရှာဖွေစုဆောင်းရပါတယ်။

ဘုရင်တွေ၊ တော်ဝင်မျိုးနွယ်တွေ ကျောင်းဒါယကာ၊ ဒါယိကာမအဖြစ် ခံယူချင်လို့ဆောက်တဲ့ ကျောင်းဆိုတော့ သူတို့အုပ်စိုးစဉ်မှာ အကောင်းဆုံး ဆောက်ခဲ့ကြတာချည်းပဲလို့ သေချာပေါက်ပြောရမှာပါ။ ကျောင်းအတွက် ကျွန်းသစ်လိုပြီဆိုရင် သစ်တောထဲက သက်တမ်းအရှည်ဆုံး၊ လုံးပတ်အကြီးဆုံး၊ အရှည်ဆုံး အကောင်းဆုံး ကျွန်းသစ်တွေ ခုတ်ယူသုံးစွဲကြတာပါ။ သည်ကျောင်းတွေကို ဆောက်လုပ်မယ့် ဗိသုကာကရော အတော်ဆုံးဗိသုကာကို ကြီးကြပ်အပ်ပြီး ဆောက်ခိုင်းပြီပေ့ါ။ အကောင်းဆုံး ကျွန်းသစ်တွေနဲ့ အတော်ဆုံးဗိသုကာတွေနဲ့ ဆောက်တော့ သည်ကျောင်းတော်ကြီးတွေလှပ၊ ခံ့ညားနေပြီပေ့ါ။ အဲဒီအချိန် ၁၈၅၅ အမရပူရကို အဖွဲ့ဝင် ၅၀၀ကျော်ပါတဲ့ သံအဖွဲ့ရောက်လာတယ်။ အဲဒီထဲမှာ ပညာရှင်တွေအများကြီးပါတယ်။ ဓာတ်ပုံပညာရှင်က Linnaeus Tripe တရိုက်က အဲဒီကျောင်းတွေကို အပြင်ကမှတ်တမ်းတင် ဓာတ်ပုံတွေရိုက်ပြီး အိန္ဒိယပြန်ရောက်တော့ သူ့တာဝန်အတိုင်း အစီရင်ခံစာတင်တယ်။ စာအုပ်ထုတ်တယ်။ သူ့စာအုပ်ထဲမှာ ဘုန်းကြီးကျောင်းဓာတ်ပုံတွေကိုရိုက်ရင်း သူ့လောက်ခမ်းနားကြီးကျယ်တဲ့ အနုပညာလက်ရာမြောက်တာတွေကို သည်မြန်မာတွေ ခေတ်မီတဲ့လက်နက်ကိရိယာတွေလည်းမရှိဘဲနဲ့ လုပ်နိုင်ကြတာ ယုံချင်စရာမကောင်းဘူး။ စာထဲမှာပြောပြနေလည်း သည်လောက်လှပတဲ့ အဆောက်အဦကို ခင်ဗျားတို့ လာမကြည့်ဘဲနဲ့ ခံစားလို့ရမှာမဟုတ်ဘူး။ သည်သဘောပါတဲ့စာတွေထည့်ရေးတာ၊ သည်စကားတွေကြောင့် မြန်မာဘုန်းကြီးကျောင်းတွေရဲ့ လက်မှုအနုပညာ ဗိသုကာတွေ နိုင်ငံတကာမှာ ကျော်ကြားတယ်လို့ ကျွန်တော်ထင်ပါတယ်ဟု ပြောသည်။

**ဘာသာရပ် – ကလေးစာပေ**
**စာရေးသူ – ပုလောစိုးနုံ့သာ**
**စာအုပ်အမည် – စက္ကူလေယာဉ်ပျံ ကလေးများ**

ကျွန်တော် စက္ကူလေယာဉ်ပျံ ကလေးကဗျာများစာအုပ်နဲ့ ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု (ကလေးစာပေ) ရရှိခဲ့တာဖြစ်ပါတယ်။ တကယ်တော့ စက္ကူလေယာဉ်ပျံ ကလေးကဗျာများစာအုပ်က ၂၀၂၁ ခုနှစ်တုန်းက စာပေဗိမာန်စာမူဆု (ကလေးစာပေ) ပထမဆုရခဲ့တဲ့ စာမူလေးပါ။ အခု ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆု ထပ်မံရတဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ပဲဝမ်းသာရပါတယ်။ ကျွန်တော့်မှာ သားသမီးသုံးယောက်ရှိပါတယ်။ သူတို့အတွက် ကလေးကဗျာလေးတွေရေးရင်းနဲ့ ကလေးကဗျာစပ်ရတာ ပျော်လာတာပါပဲ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း ဆရာကြီးမင်းသုဝဏ်၊ ဒေါက်တာမောင်ဖြူး၊ ဆရာကြီးတင်မိုးတို့ရဲ့ ကလေးကဗျာလေးတွေနဲ့ ကြီးပြင်းခဲ့ရပါတယ်။ ကျွန်တော်တို့ လူကြီးဖြစ်လာတော့လည်း မျိုးဆက်သစ်ကလေးတွေကို ဦးနှောက်နဲ့ နှလုံးသားဖွံ့ဖြိုးသန်မာစေဖို့၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့စေဖို့အတွက် ကဗျာလေးတွေကနေတစ်ဆင့် ခပ်ပါးပါးလေး အသိပေးချင်တဲ့စိတ်နဲ့ ကလေးကဗျာလေးတွေ ရေးဖြစ်ခဲ့ပါတယ်။ အခု ဆုရတဲ့စာအုပ်လေးထဲမှာ ကလေးတို့အကြိုက် ကလေးကဗျာ အပုဒ် ၇၀ ကို ရောင်စုံသရုပ်ဖော်ပုံလေးတွေနဲ့ ဖော်ပြပေးထားပါတယ်။ ကလေးကဗျာမှာ အရေးအကြီးဆုံးဖြစ်တဲ့ စကားလုံး၊ အသံ၊ ကာရန်တို့ကို ကလေးနား၊ ကလေးအသိနဲ့ အံဝင်မှုရှိအောင် အတတ်နိုင်ဆုံး ကြိုးစားရေးစပ်ထားပါတယ်။ ကလေးတွေအတွက် ရည်ရွယ်ရေးစပ်ထားတဲ့ စာအုပ်လေးမို့ အခုလိုမျိုး အမျိုးသားစာပေဆု ချီးမြှင့်ရွေးချယ်ပေးခဲ့ကြတဲ့ တာဝန်ရှိသူတွေကိုရော ကမ္ဘာပေါ်ရှိ ကလေးတွေအားလုံးကိုရော ကျေးဇူးတင်ပါတယ်ဟု ပြောသည်။

**ဘာသာရပ် – ဝတ္ထုရှည်**
**စာရေးသူ – ကြည်မင်းဝေ**
**စာအုပ်အမည် – စစ်သူကြီး မဟာမင်းထင်နော်ရထာ**

အခုဆုရရှိတဲ့ စာအုပ်က မဟာမင်းထင်နော်ရထာဝတ္ထုကြီးကို ငယ်ဘဝအိပ်မက်အဖြစ် ရေးသားခဲ့ခြင်းဖြစ်သလို ဘဝမှတ်တိုင်တစ်ခုအနေနဲ့ အခက်အခဲအမျိုးမျိုးကြားက ကြိုးစားပမ်းစားရေးခဲ့ခြင်းဖြစ်ပါတယ်။ ဝတ္ထုရှည်အနေနဲ့ တစ်ပုဒ်တလေမှ မရေးသားဖူးသလို ရာဇဝင်နောက်ခံဝတ္ထုကြီးဖြစ်လို့ ပိုပြီးခက်ခဲလှပါတယ်။ ကျွန်တော်မကျွမ်းကျင်ပါဘူး။ ဒီဝတ္ထုထဲက ဇာတ်လိုက်စံနက်ကျော်ကို သဘောကျအားကျလွန်းလို့ ဒီစံနက်ကျော်အကြောင်းကို ကိုယ့်ဘဝအမှတ်တရအဖြစ် ကျန်းမာရေးကောင်းတုန်း ရေးနိုင်တုန်း ရေးကိုရေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်သန္နိဋ္ဌာန်နဲ့ ရေးခဲ့တာပါ။

ကုန်းဘောင်ခေတ် နောက်ဆုံးကာလမှာ သတ္တိဖျတ္တိ၊ ကတိသစ္စာတည်တဲ့ မြန်မာ့သူရဲကောင်း စံနက်ကျော်ဆိုတဲ့ ဘုရင့်တပ်သားတစ်ယောက်ဟာ အမှန်တကယ်ရှိခဲ့သော်ငြား သူ့ရဲ့မြန်မာပီသတဲ့ သည်းခံမှု၊ သစ္စာရှိမှု၊ အမျိုးကိုချစ်တဲ့ ဇာတိမာန်ထက်သန်မှု၊ ဘာသာတရားကို မြတ်နိုးမှုဆိုတဲ့ စံထားလောက်ဖွယ် လက္ခဏာတွေရှိပါလျက် ဘာကြောင့်သမိုင်းမတွင်ခဲ့လေသလဲပေ့ါ။ ငယ်ငယ်က ဖတ်ဖူးတဲ့ ရာဇဝင်စာရေးဆရာကြီးတွေရဲ့စိတ်ကူးယဉ် အဖြည့်ခံဇာတ်ကောင်ဖြစ်နေလို့လားဆိုပြီး တတ်စွမ်းသမျှ ရှာဖွေဖတ်ရှုမိရင်း အမှန်တကယ်ရှိခဲ့တဲ့ စံထားလောက်ဖွယ် မြန်မာသူရဲကောင်းဆိုတာသိပြီး တူတူတန်တန် ရာဇဝင်ဝတ္ထုတစ်ပုဒ်ဖြစ်အောင် နှစ်နှစ်ဆယ်လောက်ကြိုးစားပြီး ရေးခဲ့ရပါတယ်။ အဲဒီအတွက် အကျိုးကျေးဇူးလည်း အများကြီးရခဲ့ပါတယ်။ အထောက်အကူပြုစာအုပ်ပေါင်း ၁၀၀ ကျော် ဖတ်ခဲ့ပါတယ်။ နှုတ်နဲ့ မေးမြန်း အကြံတောင်းခံခဲ့ရတဲ့ဆရာတွေကလည်း အများအပြားပါပဲ။ ပညာရှင်အစုံပါပဲ။ နာမည်ကြီး ဝတ္ထုရေးဆရာကြီးတွေ၊ ဆောင်းပါးဆရာကြီးတွေ၊ ကဗျာဆရာကြီးတွေ၊ တေးရေးဆရာတွေ၊ ရတုတေးထပ် ကျွမ်းကျင်ဆရာကြီးတွေ၊ နောက်ဆုံးဗေဒင်ပညာရှင်ကြီးတွေအထိ သေသေချာချာ မေးမြန်းအကြံဉာဏ်ရယူပြီး ရေးသားခဲ့ပါတယ်။

ဝတ္ထုရေးခြင်း အတတ်ပညာအနေနဲ့ကတော့ ရှေးရာဇဝင်ဝတ္ထုကြီးတွေကို ဖတ်ပြီး နည်းနာယူရေးခဲ့တာပါ။ ဒီဆုရရှိတဲ့အပေါ် ခံစားချက်ပြောရရင် အထူးအထူးကို ပျော်ရွှင်ပါတယ်။ ကြည်နူးရပါတယ်။ ကြိုးစားခဲ့ရတဲ့ အဖူးအပွင့်လို့ ခံစားမိပါတယ်။ အထူးသဖြင့် ပျော်ရွှင်ရတာကတော့ ကျွန်တော်က အမိမဲ့အဖမဲ့ ဘုန်းကြီးမွေးစားသားအဖြစ် ဘုန်းကြီးကျောင်းမှာ ကြီးပြင်းခဲ့တာပါ။ ကျွန်တော့်မွေးစားအဖေ ဦးလေးဘုန်းကြီးက ကျွန်တော့်ကို ရဟန်းဘဝနဲ့သူတည်ထောင်ခဲ့တဲ့ဘုန်းကြီးကျောင်းကြီးကို အမွေဆက်ခံစေချင်ပါတယ်။

နောက်တစ်ချက်က စာရေးဆရာသိပ်ဖြစ်စေချင်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော့် ဘုန်းဘုန်းကျေးဇူးကို ပထမအချက်နဲ့ ကျေးဇူးမဆပ်နိုင်သော်ငြားလည်း အခုတော့ ဒုတိယအချက်နဲ့ ကျေးဇူးဆပ်နိုင်ပြီလို့တွေးမိပြီး အထူးပျော်ရွှင်ကျေနပ်မိပါတယ်။

**အာကာလင်း၊ ဓာတ်ပုံ–တင်စိုး**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် အောင်လံမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၀၃၅၃၆) ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၇၈၃၅၃၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ ဆိုင်ကယ်အပိုပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၆၁၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Vanette နှစ်စီးနှင့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၁၃၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Wingroad မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၄ ဒသမ ၉၁၈) တန်၊ သစ်မာ (၀ ဒသမ ၇၀၃)တန်၊ အခြားသစ်(၀ ဒသမ ၃၁၇) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၀၁၈၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၉၀၁၈၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၇၈၆၇၁၆ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---



မြန်မာအသင်း အိမ်ကွင်းလက်ခံကစားမည့် သုဝဏ္ဏကွင်း။

❂ *ကျောဖုံးမှ*

ပြိုင်ပွဲဝင် အသင်းတစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများအနက် တီမောအသင်းသာ အိမ်ကွင်းပွဲများကို ဗီယက်နမ်နိုင်ငံရှိ Hang Day ကွင်း၌ လက်ခံကစားမည်ဖြစ်ပြီး ကျန်ကိုးသင်းမှာမူ မိမိနိုင်ငံတွင်သာ လက်ခံကစားမည်ဖြစ်သည်။ အုပ်စု (A) တွင် ပါဝင်သည့်အသင်းများအနက် ထိုင်းအသင်းက ဘန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၊ မလေးရှားအသင်းက ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၊ စင်ကာပူအသင်းက အမျိုးသားအားကစားကွင်း၊ ကမ္ဘောဒီးယားအသင်းက ဖနောင်ပင်မြို့ရှိ အိုလံပစ်အားကစားကွင်း၊ တီမောအသင်းက ဗီယက်နမ်နိုင်ငံရှိ Hang Day ကွင်း၊ အုပ်စု (B) တွင် ပါဝင်သည့်အသင်းများအနက် ဗီယက်နမ်အသင်းက ဖူသိုမြို့ရှိ Viet Tri ကွင်း၊ အင်ဒိုနီးရှားအသင်းက ဂျကာတာမြို့ရှိ ဘွန်ကာနိုကွင်း၊ ဖိလစ်ပိုင်အသင်းက မနီလာမြို့ရှိ ရီဇယ်လ်မန်မိုရီရယ်ကွင်း၊ မြန်မာအသင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ လာအိုအသင်းက ဗီယင်ကျန်းမြို့ရှိ အမျိုးသား အားကစားကွင်းတို့၌ လက်ခံကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများအနက် အင်ဒိုနီးရှား၊ လာအိုတို့နှင့်ပွဲများကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်ပြီး ဖိလစ်ပိုင်၊ ဗီယက်နမ်အသင်းတို့နှင့်ပွဲများကို အဝေးကွင်း သွားရောက်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

---

✳ *ကျောဖုံးမှ*

ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် အမြန်လမ်းမကြီး (Zero) မိုင်တိုးဂိတ်၌ မကွေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ ပြေးဆွဲနေသည့် "နန်းထိုက်တော်ဝင်" ခရီးသည်တင်ယာဉ်ပေါ်မှ ဖုန်းဖြင့်ဆက်သွယ်၍ ငွေကြေး လိမ်လည်မှုကျူးလွန်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်စံကျေးရွာနေ သက်ပိုင်(ခ)သက်ခိုင်(ခ)ဇော်သက်ပိုင် (၂၃) နှစ်(ဘ)ဦးအေးမင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်) ရပ်ကွက်နေ စိုးရာဇာဟိန်း(ခ)အောင်ထိုက် (ခ) လင်းမြတ်စံ (ခ) ကိုလင်း (၃၆) နှစ် (ဘ) ဦးတင်ဦး တို့ နှစ်ဦးနှင့် မသင်္ကာတရားခံများဖြစ်ကြသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်) ရပ်ကွက်နေ ဘိုဘိုထွန်း (၂၀) နှစ် (ဘ) ဦးစိုးထွဋ်၊ အောင်ဇာနည်ဖြိုး(၂၀) နှစ် (ဘ) ဦးမြင့်ဇော်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ် (၁၆) ရပ်ကွက်နေ စိုးသီဟ (ခ) ဖြိုးသီဟဇော် (၃၂) နှစ် (ဘ) ဦးစိုးထွန်း တို့ ငါးဦးအား လက်ကိုင်ဖုန်းမျိုးစုံ ခြောက်လုံး၊ နှင်းမောင်မောင်လွင် ၁၂/ထတပ(နိုင်) ၁၄၃၀၆၆၊ အောင်ထိုက် ၁၄/မမက(နိုင်)၃၄၄၆၁၈၊ ဘိုဘိုထွန်း ၇/နတလ(နိုင်)၁၆၉၇၉၈၊ အောင်ဇာနည်ဖြိုး ၁၂/ထတပ(နိုင်) ၁၆၈၅၇၈ နှင့် စိုးသီဟ ၁၂/သလန (နိုင်) ၁၀၇၃၄၅ နံပါတ်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား ငါးခု၊ KBZ Bank MPU ကတ် တစ်ခု၊ AYA Bank MPU ကတ်တစ်ခု၊ YOMA Bank MPU ကတ် တစ်ခု၊ ငွေကျပ် ၂၈၀၀၀၀၊ စိန်လက်စွပ် တစ်ကွင်း၊ ရွှေဖြင့် ပြုလုပ်ထားသည့် ပီရှူးလက်ပတ် တစ်ခုတို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သက်ပိုင် (ခ) သက်ခိုင် (ခ) ဇော်သက်ပိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် (၁) ထိပ်ရှိ အဆောင်တွင် ငှားရမ်းနေထိုင်ခဲ့ပြီး အောင်မင်္ဂလာ အဝေးပြေးကားဝင်း၌ ခရီးသည်ကြိုသည့်အလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း၊ ထိုသို့လုပ်ကိုင်နေစဉ် ခင်မင်ရင်းနှီးသူ ဦးဟိန်းခန့်နှင့်ပူးပေါင်း၍ နတ်ကနားစီး အလုပ်လုပ်ကိုင်နေစဉ် အဆောင်မှ Jasmine Palace Hotel သို့ ပြောင်းရွှေ့ကာ စိုးရာဇာဟိန်း (ခ) အောင်ထိုက်(ခ)လင်းမြတ်စံ(ခ)ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုး၊ စိုးသီဟ (ခ) ဖြိုးသီဟဇော်တို့နှင့် အတူနေထိုင်ပြီး ကောက်ယူရရှိထားသည့် အောင်ထိုက်နှင့် နှင်းမောင်မောင်လွင်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်များအား ပြုပြင်အသုံးပြု၍ KBZ Pay နှင့် Wave Pay အကောင့်များဖွင့်လှစ်ကာ ဖုန်းအမှတ် ၀၉ ၅ နှင့် စသည့် ဖုန်းနံပါတ်များအား ဆက်သွယ်၍ ငွေကြေးလိမ်လည်တောင်းခံမှုများ ပြုလုပ်ခဲ့ကြောင်း။

လိမ်လည်မှုများအနေဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ၎င်း၏လက်ကိုင်ဖုန်းအမှတ် ၀၉ ၄၄၇၈၃ ၆၉၇၈ ဖြင့် လိုက်လံဆက်သွယ်၍ တစ်ဖက်ဖုန်းလက်ခံဖြေကြားသူ၏ သူငယ်ချင်းအဖြစ် အယောင်ဆောင်ပြီး ၎င်းမှာ ကားတိုက်ခံရ၍ ဆေးရုံရောက်နေကြောင်း အရေးပေါ်ခွဲစိတ်ခန်းဝင်ရမည်ဖြစ်၍ ငွေလိုနေသဖြင့် ငွေလွှဲပေးရန်စသည်ဖြင့် ယုံကြည်အောင် လိမ်လည်ပြောဆိုကာ ရရှိသည့် ငွေကျပ်ခုနစ်သိန်းအားလည်းကောင်း၊ စက်တင်ဘာလအတွင်း အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ငွေကျပ်သိန်း ၅၀၊ ဦးတင်အောင်အဖြစ် အယောင်ဆောင်၍ ငွေကျပ်သိန်း ၅၀၊ ဦးမိုးရွှေအဖြစ် အယောင်ဆောင်၍ ငွေကျပ်သိန်း ၅၀ နှင့် အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ငွေကျပ်ခုနစ်သိန်းအားလည်းကောင်း၊ အောက်တိုဘာလအတွင်း အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ပထမအကြိမ်ငွေကျပ်သိန်း ၃၀၊ ဒုတိယအကြိမ် ငွေကျပ်သိန်း ၂၀ တို့အားလည်းကောင်း၊ နိုဝင်ဘာလအတွင်း ဦးသောင်းဌေးအဖြစ် အယောင်ဆောင်၍ ငွေကျပ် ၇၇ သိန်းနှင့် အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ငွေကျပ် ၂၅ သိန်းတို့အားလည်းကောင်း စုစုပေါင်း ကိုးကြိမ် ရရှိငွေကျပ် ၃၁၆ သိန်းအား မိတ်ဆွေ သူငယ်ချင်းအဖြစ် ယုံကြည်အောင် လိမ်လည်ပြောဆို၍ ၎င်းတို့အသုံးပြုလျက်ရှိသည့် အောင်ထိုက်နှင့် စိုးသူဝင်းအမည်ဖြင့် ဖွင့်လှစ်ထားသည့် KBZ Pay၊ နှင်းမောင်မောင်လွင် အမည်ဖြင့် ဖွင့်လှစ်ထားသည့် Wave Pay အကောင့်များသို့ လွှဲပြောင်း လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်စစ်ဆေးချက်များအရ ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးလိမ်လည်မှုများအား သက်ပိုင် (ခ) သက်ခိုင် (ခ) ဇော်သက်ပိုင်က ဦးဆောင်၍ မိတ်ဆွေသူငယ်ချင်းအဖြစ် ယုံကြည်အောင် အယောင်ဆောင်ပြောဆိုလိမ်လည်ခဲ့ခြင်းဖြစ်ပြီး စိုးရာဇာဟိန်း (ခ)အောင်ထိုက် (ခ) လင်းမြတ်စံ (ခ) ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုးနှင့် စိုးသီဟ (ခ) ဖြိုးသီဟဇော်တို့ (၄) ဦးမှ အယောင်ဆောင်ဆက်သွယ်၍ လိမ်လည်ရမည့် ဖုန်းနံပါတ်များအား ရှာဖွေစုဆောင်းပေးခြင်း၊ အယောင်ဆောင်ဆက်သွယ်၍ရရှိလာသည့် ငွေကြေးများအား လက်ခံထုတ်ယူရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြခြင်းနှင့် လက်ခံရရှိသည့်ငွေကြေးများအား ၎င်းတို့ ငါးဦးမှ ခွဲဝေသုံးစွဲခဲ့ကြခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်တွင် ဖုန်းဖြင့်ဆက်သွယ်၍ အယောင်ဆောင်ပြောဆိုကာ ငွေကြေးများ အကြိမ်ကြိမ် လိမ်လည်ရယူခဲ့သူ သက်ပိုင် (ခ) သက်ခိုင် (ခ) ဇော်သက်ပိုင်ပါ တရားခံငါးဦးအား စမ်းချောင်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈/၄၇၁/၄၁၉/၁၁၄ ဖြင့် အမှုရေးဖွင့်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံ စီးပွားရေးနှစ် (၁၀၀)ပြည့် အမှတ်တရ ဂုဏ်ပြုဆောင်းပါး

# မြန်မာနိုင်ငံ၏ ပထမဦးဆုံးစီးပွားရေးတက္ကသိုလ်နှင့် ပထမဦးဆုံးပါမောက္ခချုပ်၊ ဘောဂဗေဒပညာရှင်

စောနိုင်(အသုံးချဘောဂဗေဒ)

**အနောက်တိုင်းစီးပွားရေးပညာရပ်( ဘောဂဗေဒ) သည် ၁၉၂၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနမှတစ်ဆင့် မြန်မာ့မြေပေါ်သို့ ရောက်ရှိခဲ့သည်။ ထိုသို့ရောက်ရှိခဲ့ပြီး နှစ်ပေါင်း ၄၀ အကြာ ၁၉၆၄ ခုနှစ်တွင် ပိုမိုကျယ်ပြန့်သော ပို၍နယ်ပယ်စုံသည့် စီးပွားရေးပညာရပ်များ သင်ကြားပို့ချနိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်လက်အောက်မှ လူမှုရေးသိပ္ပံမဟာဌာနကြီးကို စီးပွားရေးပညာရပ်ပေါင်းစုံ သင်ကြားပို့ချပေးနိုင်မည့် စီးပွားရေးတက္ကသိုလ်(ရန်ကုန်)အဖြစ် ထူထောင်ဖွင့်လှစ်ခဲ့ကြသည်။**



စီးပွားရေးတက္ကသိုလ်( ရန်ကုန်)



ဆရာကြီး ဒေါက်တာအေးလှိုင်
ကိုယ်တစ်ပိုင်းရုပ်တု

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)သည် ရန်ကုန်မြို့ ပြည်လမ်းနှင့် အင်းလျားလမ်းထောင့် ရန်ကုန်တက္ကသိုလ်ဝင်းကြီးအတွင်း၌ပင်ရှိသည့် လူမှုရေးသိပ္ပံမဟာဌာန အဆောက်အအုံ (social science department building)တွင် စတင်ဖြစ်တည်ခဲ့သည်။ တက္ကသိုလ်၏ အရပ်လေးမျက်နှာလားရာတို့ကို ကြည့်သော် အရှေ့ဘက်တွင် ဘွဲ့နှင်းသဘင်အဆောက်အအုံကြီး၊ အနောက်ဘက်တွင် ပြည်လမ်း၊ တောင်ဘက်တွင် ရန်ကုန်တက္ကသိုလ်ဥပဒေဌာန၊ မြောက်ဘက်တွင် အင်းလျားလမ်းတို့ ရှိလေသည်။

## ဌာနသုံးခု ဖြစ်ပေါ်လာ

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးနောက် ရန်ကုန်တက္ကသိုလ်တွင် ဘောဂဗေဒဘာသာရပ်ကို ဆက်လက်သင်ကြား ပို့ချပေးခဲ့ကြသည်။ ၁၉၅၅ ခုနှစ်တွင် ဘောဂဗေဒဌာနကို ဘောဂဗေဒဌာနနှင့် ဝါဏိဇ္ဇဗေဒဌာနဟူ၍ ဌာနနှစ်ခု ခွဲထုတ်၍လည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် ဘောဂဗေဒဌာနမှ စာရင်းအင်းဗေဒဌာနကို ခွဲထုတ်၍လည်းကောင်း စီစဉ်ခဲ့ကြသဖြင့် ဘောဂဗေဒဌာန၊ ဝါဏိဇ္ဇဗေဒဌာနနှင့် စာရင်းအင်းဗေဒဌာနဟူ ဌာနသုံးခု ဖြစ်ပေါ်လာခဲ့သည်။ ၁၉၅၈ ခုနှစ် ဇွန်လတွင် ထိုဌာနများကို လူမှုရေးသိပ္ပံအဆောက်အအုံ (ယခုရန်ကုန်စီးပွားရေးတက္ကသိုလ်အဆောက်အအုံ) သို့ ပြောင်းရွှေ့ခဲ့ကြသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်များကို ရယူခဲ့သည့်အခါ ပညာရေးမူဝါဒသစ်အရ စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ပေါ်ပေါက်ရန် အကြောင်းဖန်လာခဲ့သည်။ တက္ကသိုလ်ပညာရေးစနစ်သစ်ဥပဒေအရ ၁၉၆၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် စီးပွားရေးတက္ကသိုလ် ထူထောင်ကြောင်း ပညာရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ပြီးနောက် တက္ကသိုလ်ပညာရေးအဖွဲ့ကိုပါ ခန့်အပ်ခဲ့သည်။

ထိုသို့ထူထောင်ရာတွင် ရန်ကုန်တက္ကသိုလ်ရှိ ဘောဂဗေဒဌာန (၎င်းဌာနလက်အောက်ရှိ မော်လမြိုင်ဒီဂရီကောလိပ် ဘောဂဗေဒဌာန အပါအဝင်)နှင့် မန္တလေးတက္ကသိုလ်လက်အောက်ရှိ ဘောဂဗေဒဌာနတို့ကို တစ်စုတစ်စည်းတည်း ပေါင်းစည်းပြီးနောက် ဝါဏိဇ္ဇဗေဒဌာန၊ စာရင်းအင်းဗေဒဌာနတို့နှင့်အတူ စီးပွားရေးတက္ကသိုလ် (ရန်ကုန်)ကို အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုအဖြစ် ထူထောင်ခဲ့ကြခြင်းဖြစ်သည်။ (လူမှုရေးသိပ္ပံအဆောက်အအုံတွင်ရှိပြီးသား ဘောဂဗေဒဌာန၊ ဝါဏိဇ္ဇဗေဒဌာနနှင့် စာရင်းအင်းဗေဒဌာနတို့သည် အသစ်ဖွင့်လှစ်သည့် စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၏ အဓိကဘာသာရပ်ဌာနများ ဖြစ်လာသည်။)

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)စတင်ထူထောင်ချိန်ရှိ အဓိကဘာသာရပ်ဌာနကြီးများမှာ ဘောဂဗေဒဌာန၊ ဝါဏိဇ္ဇဗေဒဌာနနှင့် စာရင်းပညာဌာနတို့ဖြစ်ပြီး အထောက်အကူပြု ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဌာနများဖြစ်သည်။ ထိုအချိန်က ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနပါမောက္ခတာဝန်ကို ယူထားသည့် ဒေါက်တာအေးလှိုင်သည် စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၏ ပထမဆုံးသော ပါမောက္ခချုပ် ဖြစ်လာခဲ့သည်။ တက္ကသိုလ်စတင်ထူထောင်ချိန်က ဖွဲ့စည်းထားသော ဌာနများနှင့် တာဝန်ယူခဲ့သော ပါမောက္ခ၊ ဌာနမှူးများမှာ-

ဘောဂဗေဒဌာန
ပါမောက္ခ ဦးသာထိုနှင့် ဒေါက်တာမောင်ရှိန်
ဝါဏိဇ္ဇဗေဒဌာန
ပါမောက္ခ ဦးစောဝီလျံပေါ
စာရင်းအင်းပညာဌာန
ဒေါက်တာခင်မောင်ညွှန့်
သုတေသနဌာန
ပါမောက္ခ ဒေါက်တာ ရော်နယ်ဖင်လေး
မြန်မာစာဌာန
ဌာနမှူး ဒေါ်ယဉ်ယဉ်မြင့်
အင်္ဂလိပ်စာဌာန
ဌာနမှူး ဒေါ်ခင်ခင်ကြည်
ပထဝီဌာန
ဌာနမှူး ဒေါ်ဖေ့သ်ဝီလျံလေး
မော်ကွန်းထိန်း
ဦးစန်းရှိန်
လက်ထောက်အုပ်ချုပ်ရေးမှူး
ဦးစောဂစ်ဘ်ဆင်တို့ ဖြစ်သည်။

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) စတင်ထူထောင်ချိန် (၁၉၆၄-၁၉၆၅ ပညာသင်နှစ်)၌ သင်ကြားပေးခဲ့သော ဘာသာရပ်များမှာ-

(၁) စိုက်ပျိုးရေးဘောဂဗေဒ၊
(၂) စီမံကိန်းနှင့် ဖွံ့ဖြိုးရေးပညာ၊
(၃) စာရင်းကိုင်နှင့် စာရင်းစစ်ပညာ ၊
(၄) စက်မှုနှင့် ကုန်သွယ်ရေးပညာ ၊
(၅) သင်္ချာ စာရင်းအင်းပညာ ၊
(၆) အသုံးချစာရင်းအင်းပညာရပ်များဖြစ်သည်။

ပေးအပ်သောဘွဲ့များမှာ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)၊ ဝါဏိဇ္ဇဗေဒဘွဲ့၊ စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်ပေါ်လာမည့် စီးပွားရေးပညာရပ်များသင်ယူရရှိနိုင်သော အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ထူထောင်နိုင်ရေးအတွက် အသေးစိတ် တာဝန်ယူစီစဉ်ဆောင်ရွက်ခဲ့သူ ပထမဦးဆုံးသော ပါမောက္ခချုပ်အဖြစ် တာဝန်ယူခဲ့သူမှာ ဆရာကြီး ဒေါက်တာ (ဦး) အေးလှိုင်ဖြစ်သည်။

ဆရာကြီးကို ပဲခူးတိုင်း(အနောက်ခြမ်း) ပေါင်းတည်မြို့၌ အဘ ဦးအိုး၀ (ခ) ဦးစိန်အုပ်၊ အမိ ဒေါ်အိတို့က ၁၉၂၁ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ဆရာကြီးသည် မြန်မာအစိုးရ အထက်တန်းကျောင်း (ယခုမြို့မ အထက) မှ ၁၉၄၀ ပြည့်နှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ထိုအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့သောကြောင့် ၁၉၄၇ ခုနှစ်ရောက်မှသာ ရန်ကုန်တက္ကသိုလ်မှ B.A ဘွဲ့ ရရှိခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ London School of Economics မှ B.Sc. (Econ.) ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် အဆိုပါကျောင်းမှပင် Ph. D ( Econ.) ဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

## ပါမောက္ခချုပ်အဖြစ် တာဝန်ယူခဲ့

ဆရာကြီးသည် ၁၉၄၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနတွင် နည်းပြဆရာဘ၀၊ မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိက၊ ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနတွင် ကထိက၊ ပါမောက္ခတာဝန်များကို အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၆၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခချုပ်အဖြစ် တာဝန်ယူခဲ့ခြင်းဖြစ်သည်။

ဆရာကြီး ဒေါက်တာအေးလှိုင်သည် ၁၉၆၃ ခုနှစ်ကတည်းက ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ စီးပွားရေးတက္ကသိုလ် ထူထောင်နိုင်ရေး ပဏာမလုပ်ငန်းများကို ဝီရိယကြီးစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ တက္ကသိုလ်အသစ်တစ်ခု ထူထောင်ရေးမှာ လွယ်ကူသော အလုပ်၊ သေးငယ်သော အလုပ်မဟုတ်ပေ။ တက္ကသိုလ်နှင့်သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်များသာမက ဖွဲ့စည်းပုံ၊ အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများ ခန့်အပ်ရေးကိစ္စ၊ သင်ကြားပေးရမည့် ဘာသာရပ် အစီအစဉ်များ စသည်ဖြင့် အသေးစိတ်လုပ်ငန်းများကိုပါ

*စာမျက်နှာ ၁၇ သို့*

❖ **ကောင်းကင်မျှော်စင်ဆိုတာက တချို့တက္ကသိုလ်တွေမှာ စာတွေချည်းပဲ သင်တယ်။ သီအိုရီတွေချည်းပဲ။ ဒါပေမယ့် လက်တွေ့ဘဝမှာ လူ့ဘဝအတွက် ဘာတစ်ခုမှအသုံးချလို့မရဘူး။ သူ့ဘာသာသူ စာတွေတတ်နေတာပဲရှိတယ်။ လုပ်ငန်းခွင်မှာ သိပ်သုံးလို့မရဘူးဗျ။ အောက်ခြေနဲ့ သိပ်မဟပ်မိဘူး။ အောက်ခြေလွတ်တယ်။ ကိုအေးလှိုင် စီးပွားရေးတက္ကသိုလ်ကိုကိုင်တော့ အဲဒီလိုမဟုတ်ဘူးဗျ။ အဲဒီလိုမဖြစ်ဘူး။ Ivory Tower မဖြစ်ခဲ့ဘူး။ ဘာသာရပ်အနေနဲ့လည်း အဆင့်မြင့်မြင့် ကျကျနနသင်ပေးနိုင်တယ်။ ကိုအေးလှိုင် လက်ထက်မှာ တက္ကသိုလ်ဘွဲ့သင်တန်းတွေအပြင် စီမံကိန်းဒီပလိုမာသင်တန်းတွေ ဖွင့်နိုင်တယ်။ စာရင်းကိုင်ဒီပလိုမာသင်တန်းတွေ ဖွင့်ပေးတယ်။ အဲဒီ ဒီပလိုမာရတဲ့သူတွေကလည်း သူတို့ပညာကို လုပ်ငန်းခွင်မှာ တော်တော်လေးသုံးလို့ရတယ်**

# ပဲခူးမြို့၌ ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ပဲခူး နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကို ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥများကို နိုဝင်ဘာ ၂၅ ရက်က ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်များသို့ သွားရောက်၍ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။




စားသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်း၊ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၃၀ နှုန်း၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၄၅၀ နှုန်းဖြင့် ပဲခူးမြို့ပေါ်ရပ်ကွက်များဖြစ်သည့် မြို့သစ်(င) ရပ်ကွက်၊ ကျွန်းသာယာရပ်ကွက်၊ ကလျာဏီရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ကျောက်ကြီးစုရပ်ကွက်များသို့ သွားရောက်၍ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် အဆိုပါ အခြေခံစားသောက်ကုန်ပစ္စည်းများကို နေ့စဉ် ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်များသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ပြင်ဦးလွင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ အဖွဲ့များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းတာဝန်ခံများနှင့် လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၂၆ ရက်က The Wating Lodge Hotel ၌ ပြုလုပ်စဉ်။

မောင်မွှေး

*စာမျက်နှာ ၁၆ မှ*

လုပ်ဆောင်ခဲ့ရသည်။ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ သင်္ချာ၊ ပထဝီ၊ အင်္ဂလိပ်စာ၊ မြန်မာစာဌာနများနှင့်လည်း ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရသည်။ ထိုအချိန်တွင် နိုင်ငံရပ်ခြားတွင် ပညာသင်ကြားပြီးနောက် ပြန်လည်ရောက်ရှိလာသော ဆရာဒေါက်တာမောင်ရှိန်၊ ဒေါက်တာရော်နယ်ဖင်လေး၊ ဒေါက်တာခင်မောင်ညွှန့်တို့ကလည်း အကူအညီများစွာ ပေးခဲ့ကြသည်။ ၁၉၆၄ ခုနှစ် ဧပြီလတွင် ဘာသာရပ်သင်ကြားရေးကိစ္စအများစု ပြီးစီးနေခဲ့ပြီဖြစ်သည်။

၁၉၆၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနက စီးပွားရေးတက္ကသိုလ် တည်ထောင်ကြောင်း အမိန့်ထုတ်ပြန်မှုနှင့်အတူ စီးပွားရေးတက္ကသိုလ်ပညာရေးအဖွဲ့ကိုလည်း ခန့်အပ်ခဲ့သည်။ ထိုအဖွဲ့တွင် ဦးဘညိန် (BCS)၊ ဦးသိန်းဖေမြင့်၊ ရဲဘော်ချမ်းအေး (ဆရာကြီး မောင်စူးစမ်း)၊ သခင်ကျော်စိန် အစရှိသူတို့ ပါဝင်ခဲ့ကြသည်။ တက္ကသိုလ် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် လက်ဝဲဝါဒီ အခြေခံသဘောတရားဖြစ်သော dialectical Materialism မပါဝင်သဖြင့် ဦးဘညိန်အပါအဝင် လက်ဝဲအယူဝါဒကို ခိုင်မာစွာ ယုံကြည်ကြသူများ၏ အပြင်းအထန် ကန့်ကွက်မှုကို ခံခဲ့ရသော်လည်း ဆရာကြီးဒေါက်တာအေးလှိုင်က အောင်မြင်စွာ ဖြေရှင်းညှိနှိုင်းလျက် ထိရောက်စွာ လုပ်ဆောင်ခဲ့သဖြင့် စီးပွားရေးတက္ကသိုလ် သင်ရိုးညွှန်းတမ်းတွင် တစ်ဖက်သတ် နိုင်ငံရေးသဘောတရား ကင်းစင်စေရေး ပြုလုပ်နိုင်ခဲ့သည်ဟုဆိုသည်။

ဆရာကြီးသည် စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ယူနေစဉ် ဘောဂဗေဒဂုဏ်ထူးတန်းများ၊ စီးပွားရေးပညာမဟာဘွဲ့သင်တန်းများတွင် သင်ခန်းစာများ ပို့ချပေးခြင်း၊ သုတေသနပြုလုပ်ရန် အားပေးခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့သည်။ ဆရာကြီး၏ Ph.D ဘွဲ့အတွက် ရေးသားခဲ့သော သုတေသန စာတမ်းသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုသမိုင်းအတွက် လည်းကောင်း၊ GDP တွက်ချက်ရေး နည်းလမ်းအတွက် လည်းကောင်း အရေးပါသော စာတမ်းတစ်စောင်ဖြစ်ခဲ့သည်။ ထိုစာတမ်းကို A Study of the Economic Development of Burma 1870–1940 ခေါင်းစဉ်ဖြင့် စီးပွားရေးတက္ကသိုလ်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ထဲ၌ မြန်မာနိုင်ငံ၏ ၁၉၀၁ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ပြည်တွင်းထုတ်လုပ်မှု(GDP) အခြေအနေတို့ကို တွက်ချက်ထားသည်။

ဆရာကြီးသည် ၁၉၆၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ပါမောက္ခချုပ် တာဝန်ယူခဲ့ပြီးနောက် ၁၉၇၅ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၁ မှ ၁၉၈၄ ခုနှစ်အထိ ဗဟိုဘဏ်၏ အကြံပေးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အမျိုးသားစီမံကိန်းကော်မရှင်၊ စိုက်ပျိုးရေးနှင့် လယ်ယာမြေစီမံကိန်းကော်မရှင်၊ အမျိုးသားသမဝါယမကောင်စီ အစရှိသော အဖွဲ့အစည်းများတွင်လည်း စီးပွားရေးပညာ (ဘောဂဗေဒ)ကို ထိရောက်စွာ အသုံးချ၍ နိုင်ငံ့အကျိုးစီးပွားအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် ဆရာကြီး ဒေါက်တာအေးလှိုင်သည် ကိုယ်တိုင်သုတေသနပြုလုပ်၍ စီးပွားရေးပညာများကို ဝေငှပေးခဲ့ရုံသာမက၊ လက်တွေ့အသုံးတည့်သော စီးပွားရေးပညာရပ်များ သင်ယူနိုင်ရေးအတွက်လည်းကောင်း၊ စီးပွားရေးပေါ်လစီချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းများတွင်လည်းကောင်း ကိုယ်တိုင်ပါဝင်အားထုတ် ဆောင်ရွက်ခဲ့သည်။

### ကောင်းကင်မျှော်စင် မဖြစ်ရုံမက

အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက ၎င်း၏ “ **ကျွန်တော့်ဘဝက လေထီးသမားလိုပါ**” ခေါင်းစဉ်တပ်ထားသော တွေ့ဆုံမေးမြန်းမှုအစီအစဉ်တစ်ခု၌ ဆရာကြီး ဒေါက်တာအေးလှိုင်နှင့်ပတ်သက်၍ **“ကောင်းကင်မျှော်စင် မဖြစ်ရုံမက”** စကားအဓိပ္ပာယ်ကို အောက်ပါအတိုင်း ပြန်လည်ဖြေကြားထားသည်ကို ဖတ်ရှုခဲ့ရသည်။

**“အင်္ဂလိပ်စကား Ivory Tower ကို ကျွန်တော် ဆီလျော်အောင် မြန်မာပြန်လိုက်တာပါ။ တိုက်ရိုက်ပြန်ရရင်တော့ ဆင်စွယ်ရဲတိုက်ပေါ့ဗျာ၊ ကောင်းကင်မျှော်စင်ဆိုတာက တချို့တက္ကသိုလ်တွေမှာ စာတွေချည်းပဲ သင်တယ်။ သီအိုရီတွေချည်းပဲ။ ဒါပေမယ့် လက်တွေ့ဘဝမှာ လူ့ဘဝအတွက် ဘာတစ်ခုမှ အသုံးချလို့မရဘူး။ သူ့ဘာသာသူ စာတွေတတ်နေတာပဲရှိတယ်။ လုပ်ငန်းခွင်မှာ သိပ်သုံးလို့ မရဘူးဗျ။ အောက်ခြေနဲ့ သိပ်မဟပ်မိဘူး။ အောက်ခြေလွတ်တယ်။ ကိုအေးလှိုင် စီးပွားရေးတက္ကသိုလ်ကို ကိုင်တော့ အဲဒီလိုမဟုတ်ဘူးဗျ။ အဲဒီလိုမဖြစ်ဘူး။ Ivory Tower မဖြစ်ခဲ့ဘူး။ ဘာသာရပ်အနေနဲ့လည်း အဆင့်မြင့်မြင့် ကျကျနန သင်ပေးနိုင်တယ်။ ကိုအေးလှိုင်လက်ထက်မှာ တက္ကသိုလ်ဘွဲ့သင်တန်းတွေအပြင် စီမံကိန်းဒီပလိုမာသင်တန်းတွေ ဖွင့်နိုင်တယ်။ စာရင်းကိုင်ဒီပလိုမာသင်တန်းတွေ ဖွင့်ပေးတယ်။ အဲဒီဒီပလိုမာရတဲ့သူတွေကလည်း သူတို့ပညာကို လုပ်ငန်းခွင်မှာ တော်တော်လေးသုံးလို့ရတယ်။ ပညာရှင်သိပ်ဆန်၊ သီအိုရီတွေချည်း လျှောက်ပြောပြီး အောက်ခြေနဲ့ မစပ်မိတာမျိုး၊ ကောင်းကင်မျှော်စင်ပဲဖြစ်ပြီး မြေကြီးနဲ့ မနီးတာမျိုး မဖြစ်ခဲ့ဘူး၊ အဲဒါကိုဆိုလိုတာပါ။”**

**❝ဆရာကြီး ဒေါက်တာအေးလှိုင်သည် ၁၉၆၃ ခုနှစ်ကတည်းက ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ စီးပွားရေးတက္ကသိုလ်ထူထောင်နိုင်ရေး ပဏာမလုပ်ငန်းများကို ဝီရိယကြီးစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ တက္ကသိုလ်အသစ်တစ်ခု ထူထောင်ရေးမှာ လွယ်ကူသောအလုပ်၊ သေးငယ်သောအလုပ်မဟုတ်ပေ။ တက္ကသိုလ်နှင့် သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်များသာမက ဖွဲ့စည်းပုံ၊ အဆင့်ဆင့်သော အရာထမ်း၊အမှုထမ်းများ ခန့်အပ်ရေးကိစ္စ၊ သင်ကြားပေးရမည့် ဘာသာရပ်အစီအစဉ်များ စသည်ဖြင့် အသေးစိတ်လုပ်ငန်းများကိုပါ လုပ်ဆောင်ခဲ့ရ❞**

အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်း၏ အင်တာဗျူးအဖြေထဲတွင် ဆရာကြီး ဒေါက်တာအေးလှိုင်၏ စီးပွားရေးတက္ကသိုလ်ကြီးအတွက် အားသွန်ခွန်စိုက် ကြိုးစားလုပ်ဆောင်ပေးခဲ့ပုံ၊ လက်တွေ့ကျသော၊ အသုံးတည့်သော စီးပွားရေးပညာရပ်များ ဖြန့်ဝေပေးနိုင်ရေး အားထုတ်ပေးခဲ့ပုံတို့ကို ကွင်းကွင်းကွက်ကွက် ပေါ်လွင်လျက်ရှိသည်။ စာရေးသူတို့အနေဖြင့် ဆရာကြီး၏ အားထုတ်လုပ်ဆောင်ခဲ့မှု၊ သင်ကြားပေးခဲ့မှုတို့ကို မသိခဲ့၊ မမီခဲ့၊ မမြင်ခဲ့ရသော်လည်း ဆရာကြီး ပျိုးထောင်ပေးခဲ့သည့် အပင်ကြီးမှ အသီးအပွင့်များကို ဆွတ်ယူစားသုံးခွင့်ရရှိနေပြီဖြစ်သောကြောင့် ဆရာကြီး၏ များပြားလှသော ကျေးဇူးတရားတို့ကို အောက်မေ့သတိရလျက် ယခုဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စီးပွားရေးတက္ကသိုလ်ကြီးကို ထူထောင်ပေးခဲ့ပြီး ပထမဦးဆုံး ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ပေးခဲ့သည့် ဘောဂဗေဒပညာရှင် ဆရာကြီး ဒေါက်တာ (ဦး) အေးလှိုင်သည် ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ အသက် ၇၄ နှစ်အရွယ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ရသည်။

### ဆရာကြီး၏ ရုပ်တု ဂုဏ်ပြုစိုက်ထူထား

စီးပွားရေးတက္ကသိုလ်ထူထောင်ရေး ပဏာမလုပ်ငန်းများမှစ၍ တက္ကသိုလ်ရုပ်လုံးပေါ်လာသည်အထိ အသေးစိတ် စီစဉ်ဆောင်ရွက်ပေးခဲ့သူ၊ တက္ကသိုလ်ထူထောင်ပြီးနောက် နုနယ်သော အခြေအနေမှ ခိုင်မြဲသော တက္ကသိုလ်ကြီးဖြစ်လာစေရေးအတွက် ၁၁ နှစ်ကြာ အားထုတ်လုပ်ဆောင်ပေးခဲ့သူ ဆရာကြီး ဒေါက်တာအေးလှိုင်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ဖခင်ကြီးဟု ခေါ်ဆိုထိုက်ကြောင်း ဆရာကြီး ဒေါက်တာသန်းညွှန့်ကလည်း သူ၏ဆောင်းပါးတစ်ပုဒ်ထဲတွင် ဂုဏ်ပြုအမွှမ်းတင်ရေးသားထား၏။ ယခုအခါ နောက်လာနောင်သားတို့ အမှတ်ရရှိစေရန်၊ ဂုဏ်ယူတတ်စေရန် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပရိဝုဏ်ထဲတွင် ဆရာကြီး၏ ကိုယ်တစ်ပိုင်းပုံ ရုပ်တုကြီးကို ဂုဏ်ပြုစိုက်ထူထားသည်။

စာရေးသူအပါအဝင် မျိုးဆက်သစ်စီးပွားရေးစာသင်သားတို့အနေဖြင့် ဆရာကြီး ဒေါက်တာအေးလှိုင် အပါအဝင် စီးပွားရေးပညာရပ်များကို လက်ဆင့်ကမ်း ပြုစုပျိုးထောင်ပေးလျက် ပညာအသီးအပွင့်များကို ဆက်လက်ဖူးပွင့်ပေးဝေလျက်ရှိသော ဆရာကြီး၊ ဆရာမကြီးများ၏ စေတနာများကို ပြန်လည်ဆင်ခြင်အောက်မေ့လျက် နိုင်ငံ့စီးပွားရေးအင်အား ပြန်လည်တည်ဆောက်မှုတွင် ပါဝင်ကြိုးစားအားထုတ်ကြစေလိုပါကြောင်း မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ်(၁၀၀)ပြည့် အချိန်အခါတွင် ဂုဏ်ပြုတိုက်တွန်း ရေးသားလိုက်ရပေသတည်း။ ။

**ကိုးကား-**

(၁) ဆရာကြီးဒေါက်တာသန်းညွှန့်ရေးသားသည့် **“ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ဖခင်ကြီး ပါမောက္ခချုပ် ဒေါက်တာအေးလှိုင်”** ဆောင်းပါး။

(၂) ဘောဂဗေဒပညာရှင် သံအမတ်ကြီး ဦးသက်ထွန်းနှင့် တွေ့ဆုံခြင်း၊ **“ ကျွန်တော့်ဘဝက လေထီးသမားလိုပါ”** အင်တာဗျူး။

(၃) အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း ရေးသားသည့် **“စီးပွားရေးတက္ကသိုလ် ပထမဆုံး ပါမောက္ခချုပ် ကျွန်တော်သိသော ဒေါက်တာအေးလှိုင်”**ဆောင်းပါး။

(၄) ရန်ကုန်စီးပွားရေးတက္ကသိုလ် မေခဆောင် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်း (၁၉၆၄–၂၀၁၄)။

# နမ့်စန်မြို့နယ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် ဘောလုံးပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက် (၁၆) နှစ်အောက် ဘောလုံး ပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက မြို့နယ်အားကစားကွင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အမှတ်(၅)ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (က) အသင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း (နမ့်စန်) (က) အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ ငွေသားဆုနှင့် ဒိုင်းဆုတို့ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်းအုပ်စု လေးစု၊ အမျိုးသမီးအသင်းအုပ်စုနှစ်စု၊ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် နိုဝင်ဘာ ၅ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ခရမ်းမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်း

**ခရမ်း နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက်က ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကန်ညီနောင်ကျေးရွာတွင် အရှည် ၆၂၅ ပေ၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မနှင့် ကြံုကန်ကျေးရွာတွင် အရှည် ပေ ၇၀၀၊ အကျယ် ခုနစ်ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်



ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် အောင်ချမ်းသာ ကျေးရွာတွင် အရှည် ၆၈၅ ပေ၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသုံးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကွန်ကရစ်လမ်းကို တန်ဖိုးထားပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာများကို သက်ဆိုင်ရာ ကျေးရွာများမှ ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများကို အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာသုံးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူကာ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**၂၂၂**

## ထန်းတပင်မြို့နယ် ကျေးရွာငါးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ထန်းတပင် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၆ ရက်က ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း စစ်ဆေးသည်။

ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေးနှင့် အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အောက်ခတ်တော်ကုန်းကျေးရွာ၌ ခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၅၄ သန်းဖြင့် အရှည် ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ဂဝံကုန်ထုတ်လမ်းနှင့် တံတားဖောက်လုပ်နေမှုနှင့် ကုန်းသောင်တောကျေးရွာ၌ VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေကျော်ကျေးရွာ၊ မငေးစုကျေးရွာတို့၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ လမုကျေးရွာတွင် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးသည်။

**မောင်ခိုင်**



## တောင်ငူ၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးကာကွယ်ရေး အသိပညာပေး

**တောင်ငူ နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းအခြေခံပညာ အထက်တန်းကျောင်း၌ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုသွယ်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်ရဲဝင်းက ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးဆက်များ၊ ကမ္ဘာနှင့် မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများပုံ့နှံမှု၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ၊ ဒီရေတောများအကြောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့များ၊ ကာဗွန်ဒိုင်အောက်ဆိုက်



ထုတ်လွှင့်မှု များပြားလာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့် အကြောင်းအရင်း၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

| ၂၆ - ၁၁ - ၂၀၂၄ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | | | ညီညီ - စုစည်းသည် |
|---|---|---|---|---|
| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| FMI | ၈၅၀၀ | ၈၅၀၀ | ၂၀၃၄ | ၁၇၀၉၁၃၀၀ |
| MTSH | ၃၂၅၀ | ၃၃၃၀ | ၃၅၆၅ | ၁၁၅၈၈၅၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၇ | ၁၄၂၈၀၀ |
| FPB | ၁၉၅၀ | ၂၀၀၀ | ၁၁၆၆ | ၂၂၇၆၇၀၀ |
| TMH | ၃၁၅၀ | ၃၁၀၀ | ၁၀၉ | ၃၄၃၀၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၄၂၅ | ၂၄၉၄၀၀၀ |
| AMATA | ၄၅၀၀ | ၄၅၀၀ | ၃၈၀ | ၁၇၁၀၀၀၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၁၀၅၃ | ၃၄၂၂၂၅၀ |
| MADPL (PLB) | ၃၄၀၀၀ | ၃၄၅၀၀ | ၇၀ | ၂၃၈၀၀၀၀ |

## မအူပင်၌ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံ

**မအူပင် နိုဝင်ဘာ ၂၆**

မအူပင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၂၄ ခုနှစ် ကျောင်းအခြေပြု ဆုံဆို့-မေးခိုင် ကာကွယ်ဆေးနှင့် သားအိမ်ခေါင်း ကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းကဆောင်ရွက်သည်။ **(အောက်ပုံ)**

ကာကွယ်ဆေးထိုးနှံပေးမှုအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အသက်ငါးနှစ်ပြည့်ပြီး အသက်ခုနစ်နှစ် မကျော်သော ကျောင်းသား ကျောင်းသူများကို ဆုံဆို့-မေးခိုင် ကာကွယ်ဆေး(DT) နှင့် အသက်ကိုးနှစ်ပြည့်ပြီး အသက် ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ကျောင်းအခြေပြု ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။


**အောင်မြင့်မြတ် (ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှသိရသည်။




မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာ၏ မြောက်ဘက် သုံးဖာလုံခန့်အကွာ မြောင်းဘေးတွင် မူးယစ်ဆေးဝါးများ လွှဲပြောင်းသယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ စိုင်းဝဏ္ဏထွန်း (ခ) ဝဏ္ဏနှင့် စိုးမြင့်ထွန်းတို့ နှစ်ဦးကို တူးကရောင်း မော်တော်ယာဉ် တစ်စီး၊ CANTER မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဘိန်းဖြူပါ ဆပ်ပြာခွက် ၂၂၀ စီပါ ဆာလာအိတ် ၆၇ အိတ်အတွင်းမှ ဘိန်းဖြူ ၁၄၇ ဒသမ ၄ ကီလိုနှင့် ဆာလာအိတ် ၂၀ ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ဒသမ ၄၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေပိုင်းတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာလမ်းကြောင်း၌ ရှေ့ပြေးဆောင်ရွက်သူ ညဏ်ဝင်းလှိုင်ကို စဉ့်ကိုင်မြို့တိုးဂိတ်တွင် SURF မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်လမ်းဆုံထိ တာဝန်ခံသယ်ဆောင်သူ ဇော်ထွန်းကို ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်လမ်းဆုံတွင် မော်တော်ဆိုင်ကယ် တစ်စီးဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိ CANTER မော်တော်ယာဉ်၏ ယာဉ်မောင်း ကျော်စွာလင်း(ခ) ဂက်စ်အိုးကို ကျောက်ဆည်မြို့နယ် ဆားတောင်ငယ်ကျေးရွာတွင် လည်းကောင်း၊ မန္တလေးမြို့တွင် မူးယစ်ဆေးဝါးများ လက်ခံမည့်သူ အောင်ခန့်ကို မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ၃၁ x ၃၂ ကြား၊ ၈၇ လမ်းမပေါ်တွင် လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ရပ်စောက်မြို့နယ်မှ ရွာငံမြို့နယ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ သက်ဝေအောင်ကို အောင်ပန်းမြို့တွင် လည်းကောင်း၊ မူးယစ်ဆေးဝါးများကို DONGFENG တွဲယာဉ်ဖြင့် သယ်ဆောင်ခဲ့သူ ဥက္ကာနိုင်ကို ကျောက်ဆည်မြို့ မြို့ရှောင်လမ်းတွင် အဆိုပါတွဲယာဉ်ဖြင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ဇော်ထွန်း၏ ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနောက်ဘက် တောစပ်ချုံအတွင်းဝှက်သိမ်းထားခဲ့သည့် ဘိန်းဖြူပါ ဆပ်ပြာခွက်များ ထည့်ထားသည့် ဆာလာအိတ် ၈၄ အိတ်အတွင်းမှ ဘိန်းဖြူ ၁၈၄ ဒသမ ၈ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ဒသမ ၂ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၁ ဒသမ ၄၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ မူးယစ်ဆေးဝါးများအား ရွာငံမြို့နယ် ယုန်တောင်ကျေးရွာမှ စစ်ဆေးရေးဂိတ်များတွင် ရှောင်ကွင်း၍ ကျေးရွာချင်းဆက်လမ်းများမှ သယ်ဆောင်ရာ ပူးပေါင်းပါဝင်သူ စိုင်းနိုင်ထူးသာ(ခ) နေဖြိုးထက် ကို နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီတွင် မန္တလေးမြို့တွင် ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များဖြင့် ဝယ်ယူထားသော အောင်ခန့် ပိုင်ဆိုင်သည့် ALPHARD မော်တော်ယာဉ်နှင့် MARK II မော်တော်ယာဉ်တို့အား ချမ်းအေးသာစံမြို့နယ်တွင် ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အင်းတော်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည်ဟု သတင်းအမှားများမဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**




စစ်ကိုင်း တိုင်းဒေသကြီး အင်းတော်မြို့နယ် အတွင်းရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ အကြမ်းဖက်သမားများ အနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို မငဲ့ကွက်ဘဲ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ တိုက်ပွဲများ ဖော်ဆောင်လာခြင်းများကြောင့် မြို့၊ ရွာများ ပျက်စီးရကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ မြို့နယ်အတွင်း လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ အနေဖြင့် အင်းတော်မြို့နယ် အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၇

ဒေါ်တင်ထွေး နှင့် ဦးဝင်းကျော်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ဗ-၆/၁၃၅နေ ဦးဝင်းကျော် (ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်တင်ထွေးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀.၀၅၅၁)ဧက၏ အနောက်ဘက်ခြမ်း(၂၀x၆၀)ပေအကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်(၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းသင်းလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ် (၅၈၀-K)၊ ဦးပိုင်အမှတ် (၁၅.က)၊ ဖိုစလမ်း၊ ထုံးဘိုမြစ်ငယ်လမ်းရှိ ဒေါ်ခင်သီတာ အမည်ပေါက် ဂရန်မြေကွက်အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအမည်ပေါက် မှတ်သားရန်အတွက် ဌာန၏(ကိုယ်စား)ဦးမျိုးခိုင်က အမှုတွဲအမှတ် ၅၀၁၂/၂၀၂၄-၂၀၂၅ဖြင့် အမည်ပေါက်မှတ်သားခြင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ် (၅၈၀.K)၊ ဦးပိုင်အမှတ် (၁၅.ခ)၊ ဖိုစလမ်း၊ ထုံးဘိုမြစ်ငယ်လမ်းရှိ ဒေါ်ခင်သီတာအမည်ပေါက် ဂရန်မြေကွက်အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအမည်ပေါက် မှတ်သားရန်အတွက် ဌာန၏(ကိုယ်စား)ဦးမျိုးခိုင်က အမှုတွဲအမှတ် ၅၀၁၃/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပေါက်မှတ်သားခြင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၃၅၊ဦးပိုင်အမှတ် ၆-ခ ခဲစင်း/ ၁၇x၁၈ကြား၊ ၈၆x၈၈လမ်းကြားရှိ ဦးဘလွန်း၊ ဒေါ်လုံးတင်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၄၃၁/၂၀၀၉)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်တင်ရွှေ၊ဦးညွန့်ဝေ၊ ဦးညွန့်ရွှေ၊ ဦးထွန်းဝေ၊ ဦးတင်မောင်၊ ဒေါ်ဆွေ၊ ဦးမြသောင်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၉၂/၂၀၁၀)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်မျိုးနိုင် ၉/အမဇ(နိုင်)၀၂၉၁၉၈၊ ဦးမျိုးမြင့်နိုင် ၉/အမဇ(နိုင်)၀၁၀၆၉၃တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၆၆/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလွင်ကိုကို ၅/ခဥန(နိုင်)၁၂၇၁၀၆က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၉၄၆၇၂ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၀/မလမ(နိုင်)၀၀၆၈၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၉၄၃၇၆ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဟံ ၁၀/မဒန(နိုင်)၀၃၀၅၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၇၉၃၊ ဦးပိုင်အမှတ် ၁၃-ခ ခဲစင်း၊၂၅x၂၆ကြား၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း ၉/မရမ(နိုင်)၀၁၀၃၁၈၊ ဦးမောင်မောင်ကြည် ၉/မရမ(နိုင်)၀၁၀၃၄၈၊ ဦးကံကြည် ၉/မရတ(နိုင်)၀၁၀၃၅၄တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် B-၁၈၊ ဦးပိုင်အမှတ် ၉၊ မြို့ပတ်လမ်း ၃၁ x ၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြင့်ကြည် ၁/မကတ(နိုင်)၀၁၂၉၂၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၆၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အားလီ ၁/မမန(နိုင်) ၀၅၂၂၃၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၇၁/၁၊ ဦးပိုင်အမှတ် ၃၊ ၃၆ x ၃၇ လမ်းကြား၊ ၅၅x ၅၆လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းအောင် ၉/မရမ(နိုင်) ၀၆၄၆၈၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၇၁/၁၊ ဦးပိုင်အမှတ် ၁+၂၊ ၃၆x၃၇ လမ်းကြား၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းအောင် ၉/မရမ(နိုင်) ၀၆၄၆၈၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးမောင်မောင်ကျော်စွာ
## (၁၂/ရကန(နိုင်) ၀၀၀၅၈၆) နှင့်
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီလမ်း၊ အမှတ် (၁၁၁၉)၊ မြေညီထပ် (ခြေရင်းခြမ်း)နေ ဒေါ်သန္တာဝင်း (၁၂/ဥကတ(နိုင်)၀၀၈၄၉၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာ အပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ်(၂၈)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅x ၆၅)ပေရှိတိုက်ခန်းသည် ဦးမောင်မောင်ကျော်စွာ (၁၂/ရကန(နိုင်) ၀၀၀၅၈၆)နှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန္တာဝင်း (၁၂/ဥကတ(နိုင်)၀၀၈၄၉၇) တို့၏ မိဘများဖြစ်ကြသော ဦးကြည်ဝင်း-ဒေါ်ခင်ဌေးမြင့်တို့ ပိုင်ဆိုင်ခဲ့သည့်တိုက်ခန်းဖြစ်ပါသည်။ မိခင်ဒေါ်ခင်ဌေးမြင့်သည် (၂၇-၇- ၂၀၂၁)ရက်တွင်လည်းကောင်း၊ ဖခင် ဦးကြည်ဝင်းသည် (၁၉-၈-၂၀၂၄)ရက်တွင်လည်းကောင်းအသီးသီး ကွယ်လွန်ခဲ့ကြရာ မိဘများကွယ်လွန်ချိန်တွင် အထက်ဖော်ပြပါတိုက်ခန်းသည် ဦးမောင်မောင်ကျော်စွာ နှင့်ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်သန္တာဝင်းတို့ထံ မရွှေ့မပြောင်းနိုင်သော အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ရာ ယခုအခါ အဆိုပါတိုက်ခန်းတွင် ဦးမောင်မောင်ကျော်စွာမှ နေထိုင်လျက်ရှိပြီး ယနေ့အထိတရားဝင်အမွေခွဲဝေပေးခြင်းမရှိသေးပါ။ သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး အမွေဆိုင်ဖြစ်သူ ဒေါ်သန္တာဝင်း၏ သဘောတူညီချက်မပါဝင်ဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ လက်ခံခြင်းမပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက ကျွန်ုပ်တို့ ၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမောင်မောင်ကျော်စွာနှင့်တကွ အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သန္တာဝင်း (၁၂/ဥကတ(နိုင်) ၀၀၈၄၉၇)၏လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်ခိုင်ဝင်း (LL.B) ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)
(စဥ်-၁၉၂၄၃) (စဥ်-၁၂၄၁၁)
တရားလွှတ်တော်ရှေ့နေများ
အမှတ်- ၃၉၄/ဘီ၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉- ၇၆၃၃၄၆၀၁၇၊ ၀၉- ၅၀၄၂၂၉၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၂၊ ဦးပိုင်အမှတ် ၄၇၊ ၁၁၆x၁၁၅ ကြား၊ ၅၂x၅၃ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၉၁၅/၉၂-၉၃)အရ ဦးမျိုးဟန် MTA-၁၅၈၃၄၄ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ချန်လီကြူ(ခ)ခင်စမ်းအေး ၁၃/တယန(နိုင်) ၀၁၅၆၅၃မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၇၊ ဦးပိုင်အမှတ် ၁၀၉-ခ/၁၀၆x၁၀၇ ကြား၊၅၃စီလမ်းရှိ မြေကွက်အား အမည်ပေါက်သူ ဒေါ်နှင်းကြည် ၉/မရတ(နိုင်)၀၅၃၆၄၅(၎င်း၏ GPရရှိသူ ဦးမင်းလွင်)က ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "တောဂရန်ပျောက်ဆုံးသည်ဟု လျှောက် ထားလာပါသဖြင့် ရုံးလက်ခံကျောက်တိုက်ရှိ အမှုတွဲဟောင်းနှင့် တိုက်ဆိုင်စိစစ်ပြီး ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်ပါသည်။ မူလဂရန် ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်မှာ ပျက်ပြယ်သည်။" မှင်နီ မှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေးဖုံးဂရန်မိတ္တူထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/22747 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထား လာ ပါ သ ဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/84268, Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၅/စကန(နိုင်) ၀၇၃၉၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## အများသိစေရန် ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း လူနေထိုင်ရန်အတွက် မြေနေရာချထားပေးခဲ့သော အောက်ဖော်ပြပါ မြေကွက်အမှတ်များအား နေရာချထားစာရင်းမှ ပယ်ဖျက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသည့် မြေအဖြစ် ပြန်လည်သတ်မှတ်ပြီးဖြစ်ပါသဖြင့် အဆိုပါ မြေကွက်များအတွက် ထုတ်ပေးထားသော နှစ်(၃၀)မြေငှားစာချုပ်(ဂရန်)များကို ပယ်ဖျက်ပြီး ဖြစ်ကြောင်းနှင့် ဤကြေညာချက်ပါရှိသည့် နေ့ရက်မှစ၍ ပေးသွင်းထားသော မြေကွက်တန်ဖိုးငွေများအား နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | မြေကွက် အမှတ် | မြေငှားစာချုပ်အမှတ် | မြေငှားစာချုပ်သက်တမ်း | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | ဠ-၁၀၀၁ | ဥတ္တရသီရိ/သစ်-၁၇/၂၀၁၉-၂၀၂၀ | ၂-၁၂-၂၀၁၉ | ၁-၁၂-၂၀၄၉ |
| ၂ | ဠ-၁၀၀၂ | ဥတ္တရသီရိ/သစ်-၇/၂၀၁၉-၂၀၂၀ | ၅-၁၁-၂၀၁၉ | ၄-၁၁-၂၀၄၉ |
| ၃ | ဠ-၁၀၀၃ | ဥတ္တရသီရိ/သစ်-၁၀/၂၀၁၉-၂၀၂၀ | ၁၃-၁၁-၂၀၁၉ | ၁၂-၁၁-၂၀၄၉ |
| ၄ | ဠ-၁၀၀၇ | ဥတ္တရသီရိ/သစ်-၉၆/၂၀၁၉-၂၀၂၀ | ၂၂-၆-၂၀၂၀ | ၂၁-၆-၂၀၅၀ |
| ၅ | ဠ-၁၀၀၈ | ဥတ္တရသီရိ/သစ်-၄/၂၀၁၉-၂၀၂၀ | ၈-၁၁-၂၀၁၉ | ၇-၁၁-၂၀၄၉ |
| ၆ | ဠ-၁၀၀၉ | ဥတ္တရသီရိ/သစ်-၅/၂၀၁၉-၂၀၂၀ | ၄-၁၁-၂၀၁၉ | ၃-၁၁-၂၀၄၉ |
| ၇ | ဠ-၁၀၁၀ | ဥတ္တရသီရိ/သစ်-၆/၂၀၁၉-၂၀၂၀ | ၄-၁၁-၂၀၁၉ | ၃-၁၁-၂၀၄၉ |
| ၈ | ဠ-၁၀၁၁ | ဥတ္တရသီရိ/သစ်-၂၄/၂၀၁၉-၂၀၂၀ | ၉-၁၂-၂၀၁၉ | ၈-၁၂-၂၀၄၉ |
| ၉ | ဠ-၁၀၁၃ | ဥတ္တရသီရိ/သစ်-၃၁/၂၀၁၉-၂၀၂၀ | ၂၃-၁၂-၂၀၁၉ | ၂၂-၁၂-၂၀၄၉ |
| ၁၀ | ဠ-၁၀၁၆ | ဥတ္တရသီရိ/သစ်-၂၅/၂၀၁၉-၂၀၂၀ | ၁၆-၁၂-၂၀၁၉ | ၁၅-၁၂-၂၀၄၉ |
| ၁၁ | ဠ-၂၁၂၅ | ဥတ္တရသီရိ/သစ်-၉၅/၂၀၂၂-၂၀၂၃ | ၁၈-၁၀-၂၀၂၂ | ၁၇-၁၀-၂၀၅၂ |
| ၁၂ | C-၂၆ | ဒက္ခိဏသီရိ/သစ်-၅၁/၂၀၂၀-၂၀၂၁ | ၂၃-၁၂-၂၀၂၀ | ၂၂-၁၂-၂၀၅၀ |
| ၁၃ | C-၂၉ | ဒက္ခိဏသီရိ/သစ်-၉၀/၂၀၂၀-၂၀၂၁ | ၂၈-၁၂-၂၀၂၀ | ၂၇-၁၂-၂၀၅၀ |
| ၁၄ | C-၃၁ | ဒက္ခိဏသီရိ/သစ်-၅၀/၂၀၂၀-၂၀၂၁ | ၂၃-၁၂-၂၀၂၀ | ၂၂-၁၂-၂၀၅၀ |
| ၁၅ | C-၃၄ | ဒက္ခိဏသီရိ/သစ်-၅၇/၂၀၂၀-၂၀၂၁ | ၂၄-၁၂-၂၀၂၀ | ၂၃-၁၂-၂၀၅၀ |
| ၁၆ | C-၄၅ | ဒက္ခိဏသီရိ/သစ်-၈၆/၂၀၂၀-၂၀၂၁ | ၂၈-၁၂-၂၀၂၀ | ၂၇-၁၂-၂၀၅၀ |
| ၁၇ | C-၄၈ | ဒက္ခိဏသီရိ/သစ်-၈၆/၂၀၂၀-၂၀၂၁ | ၂၈-၁၂-၂၀၂၀ | ၂၇-၁၂-၂၀၅၀ |
| ၁၈ | C-၄၉ | ဒက္ခိဏသီရိ/သစ်-၅၅/၂၀၂၀-၂၀၂၁ | ၂၄-၁၂-၂၀၂၀ | ၂၃-၁၂-၂၀၅၀ |
| ၁၉ | ဧ-၂၃၅၉ | ဒက္ခိဏသီရိ/သစ်-၉၉/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၀ | ပ-၅၀၁၆ | ဥတ္တရသီရိ/သစ်-၃၇/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၁ | ပ-၅၀၁၇ | ဥတ္တရသီရိ/သစ်-၃၈/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၂ | ပ-၅၀၁၈ | ဥတ္တရသီရိ/သစ်-၃၉/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၃ | ပ-၅၀၁၉ | ဥတ္တရသီရိ/သစ်-၄၀/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၄ | ပ-၅၀၂၀ | ဥတ္တရသီရိ/သစ်-၄၁/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၅ | ပ-၅၀၂၁ | ဥတ္တရသီရိ/သစ်-၄၂/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၆ | ပ-၅၀၂၂ | ဥတ္တရသီရိ/သစ်-၄၃/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၇ | ပ-၅၀၂၃ | ဥတ္တရသီရိ/သစ်-၄၄/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၈ | ပ-၅၀၂၄ | ဥတ္တရသီရိ/သစ်-၄၅/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၂၉ | ပ-၅၀၂၅ | ဥတ္တရသီရိ/သစ်-၄၆/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၃၀ | ပ-၅၀၂၆ | ဥတ္တရသီရိ/သစ်-၄၇/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၃၁ | ပ-၅၀၃၀ | ဥတ္တရသီရိ/သစ်-၅၁/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၃၂ | ပ-၅၀၃၉ | ဥတ္တရသီရိ/သစ်-၅၇/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၃၃ | ပ-၅၀၄၀ | ဥတ္တရသီရိ/သစ်-၅၈/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၃၄ | ပ-၅၀၄၄ | ဥတ္တရသီရိ/သစ်-၁၁၀/၂၀၂၀-၂၀၂၁ | ၈-၁-၂၀၂၁ | ၇-၁-၂၀၅၁ |
| ၃၅ | ပ-၅၀၄၈ | ဥတ္တရသီရိ/သစ်-၆၄/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |
| ၃၆ | ပ-၅၀၄၉ | ဥတ္တရသီရိ/သစ်-၆၅/၂၀၂၀-၂၀၂၁ | ၃၀-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၅၀ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညည-၇၊ ဦးပိုင်အမှတ် ၇၄၊ ၆၀ x ၆၁ကြား၊ မင်းရဲကျော်စွာလမ်း x ဗထူးလမ်းကြားရှိ ဒုတက စံလွင် အမည်ပေါက် တောဂရန် မြေကွက်အား၊ တရားလို ဦးအောင်ချစ် က တရားပြိုင် ဒုတက စံလွင် (၎င်း၏ SP ရသူ ဒေါ်ရှန်ကျီ) အပေါ်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၄၂/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးအောင်ချစ် ၉/မဟမ(နိုင်)၀၀၈၄၅၈ က တောဂရန်၊ တရားရုံး အမိန့်တို့တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်TLR/6902 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/77928, Thai Anbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာကြည် ၉/မရတ (နိုင်)၁၁၀၉၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/60686, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Amazing New Sky Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/63810, Yunde YD 110 ယာဉ်လက်ဝယ်ရှိသူ Holy Devine Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၅၂

**ကွယ်လွန်သူ ဦးကိုကိုကြီး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ဒေါ်သန်းသန်းလွင် — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပစံပြရပ်ကွက်၊ သြဘာလမ်း၊ အမှတ်-၂၅တွင် နေထိုင်သော ဦးကိုကိုကြီး၏ အမွေထိန်းလက်မှတ်စာ ရရှိသူ ဒေါ်သန်းသန်းလွင်က ကွယ်လွန်သူ ဦးကိုကိုကြီး အမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)ရရှိထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ္ပတ္တကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၆၀ဂ၊ ဦးပိုင်အမှတ်-၁/ခ၊ (ဧရိယာ ၀.၃၁ဧက) အကျယ်ရှိသော လယ်မြေကွက်များ၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း အမည်ပြောင်းလိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၁၀ရက်) မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၆ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာ၊ ကွင်းအမှတ်(၇၀၃)၊ ဝေါရှမ်းစုကွင်း၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀.၁၃၅)ဧကရှိမြေကို အမှတ်(၇)၊ နယ်မြေ(၇)၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့နေ ဦးညွန့်ဝင်းအမည်ဖြင့် မြေငှား ဂရန်(ခွဲစိတ်အမည်ပြောင်း)ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

